# မြန်မာ့အလင်း

၁၂၈၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၃ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၁)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**ရေအားလျှပ်စစ်စီမံကိန်းကြည့်ရှုစစ်ဆေး**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နှစ်စဉ် ပျမ်းမျှဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၁၁ သန်းခန့် ထုတ်လုပ်နိုင်မည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်လျက်ရှိ

နေပြည်တော် ဇွန် ၂၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ လက်ရှိပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ရောက်ရှိသည်။

**ဖြည့်စွက်မှာကြား**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးအား စီမံကိန်းခေတ္တညွှန်ကြားရေးမှူး ဦးတင်အေးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်ဖောက်လုပ်ခြင်း၊ ဥမင်အဝင်အထွက်နေရာတို့တွင် မြေကြီး၊ ကျောက်သားတူးဖော်မှု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တမံအောက်ခြေမြေကြီး၊

စာမျက်နှာ ၉ ကော်လံ ၁ ✡

**မြန်မာ့အလင်း**

**ဆောင်းပါးနှင့် အားကစား အညွှန်း**

**အမျိုးအစား(၂)ဆီးချို သွေးချိုရောဂါကို ပိုမိုအဖြစ်များစေသော အကြောင်းအချက်များမှာ ကယ်လိုရီခေါ် အင်အားဓာတ်စားသုံးမှု ပမာဏများခြင်း၊ အစားအစာများတွင် အမျှင်ဓာတ် (Fibre) ပါဝင်မှုနည်းပါးခြင်း၊ အချိုဓာတ်စားသုံးမှု ပမာဏများပြားခြင်းနှင့် မပြည့်ဝဆီနှင့် စာလျှင် ပြည့်ဝဆီစားသုံးမှုအချိုးက ပိုမိုများပြားနေခြင်းတို့ကြောင့် ဖြစ်ကြသည်။**

ဒေါက်တာတင့်ဆွေလတ်၏ ဆောင်းပါး (စာ-၄)



**မန်ယူတိုက်စစ်မှူး အလန်စမစ်၏ အနာဂတ် မရေရာ**

ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)

**မိုးလေဝသအခြေအနေ ၂၃-၆-၂၀၀၇**

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၃ ရက်)

# သက်ရှည် ကျန်းမာကြံ့ခိုင်ဖို့ နေ့စဉ် ပုံမှန်လမ်းလျှောက်ကြပါစို့

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ လူတို့ကျန်းမာစွာ နေထိုင်နိုင်ရန် ခန္ဓာကိုယ်ကို ဖြည့်စွမ်းပေးနိုင်မည့် အစာအာဟာရများ လိုအပ်သကဲ့သို့ ကျန်းမာရေး လေ့ကျင့်ခန်းများ ပြုလုပ်ရန် လိုအပ်သည်။

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ကို ဖြစ်ပွားစေတတ်သည်။ ကျန်းမာသန်စွမ်းနေစေရန် နေ့စဉ်ပုံမှန် လမ်းလျှောက်ပေးသင့်သည်။

လမ်းလျှောက်ခြင်းဖြင့် ရရှိလာမည့် အကျိုးသက်ရောက်မှုများကား များပြားလှသည်။ သွေးတိုးရောဂါကို လျော့ကျစေပြီး နှလုံးရောဂါကို ကာကွယ်နိုင်သည်။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။ အရိုးများကိုလည်း ကြံ့ခိုင်သန်စွမ်းစေသည်။

ထို့ပြင် အဝမလွန်အောင် ထိန်းသိမ်းနိုင်သည့်အပြင် ကြွက်သားများကိုလည်း သန်စွမ်းဖျတ်လတ်စေသည်။ သွေးအတွင်းမှအဆီများနှင့် သကြားဓာတ်များ ကျစေခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

လမ်းလျှောက်သည့်နှုန်းမှာလည်း အရေးကြီးပေသည်။ သက်သောင့်သက်သာဖြင့် တစ်နာရီတွင် နှစ်မိုင်နှုန်းထက်လျော့၍ လျှောက်ပါက နှလုံးထိခိုက်မှုအန္တရာယ်မှ ၂၅ ရာခိုင်နှုန်း လျော့နည်းစေပြီး သုံးမိုင်ထက်ပို၍ လျှောက်ပါက ၃၆ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း သုတေသီများက ဖော်ပြထားသည်။

ထို့ကြောင့် အမြန်လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှား အားကစားသဘောမျိုး ဖြစ်စေသဖြင့် နှလုံးနှင့်အဆုတ်စွမ်းအားတို့ကို တိုးပွားစေသည်။ ကင်ဆာအကျိတ်အဖုရောဂါ ဖြစ်ပွားနှုန်းကို လျော့ပါးစေသည်။ နာကျင်မှုသက်သာခြင်း၊ စိတ်ခံစားမှု တိုးတက် ကောင်းမွန်ခြင်း၊ စိတ်ဖိစီးမှု လျော့ပါးစေခြင်း စသည့်အကျိုးတရားများကို ခံစားနိုင်ကြသည်။

သို့ဖြစ်ရာ လူတိုင်း ရောဂါဘယကင်းဝေး၍ သက်ရှည်ကျန်းမာ ကြံ့ခိုင်စေရေးအတွက် နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်း အလေ့အကျင့်ကို ပြုလုပ်ကြရန် တိုက်တွန်းရေးသား လိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် နန္ဒဝန်ဈေး မြို့မရွှေဆိုင်မှ ဦးသိန်းဟန်-ဒေါ်ကြိုင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ၁၀သိန်းကို တိပိဋကရေ ဆရာတော်ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေနှင့် တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်း ဦးတင်ရွှေတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး နွေရာသီစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

ပဲခူးခရိုင် သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီစက်ချုပ်သင်တန်း (၁/၂၀၀၇) ဆင်းပွဲ အခမ်းအနားနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို ဇွန် ၅ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။





### အဖွင့်အမှာစကား

ရှေးဦးစွာပဲခူးခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသိန်းက အဖွင့် အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေက စက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

### ဂုဏ်ပြုလက်ဆောင်

ထို့နောက် စက်ချုပ်သင်တန်း ဆရာအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြု လက်ဆောင်ပေးအပ်ပြီး ခရိုင်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌသို့ သင်တန်း သူများ ချုပ်လုပ်ထားသည့် ဝတ်စုံများ မှတစ်စုံအား လက်ဆောင်အဖြစ် ပေးအပ် သည်။

### ပညာပေးဟောပြော

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟော ပြောပွဲကို ဆက်လက်ကျင်းပရာ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွင့် အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးမင်းဆွေနှင့် သနပ်ပင်မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ဇင်တို့က သစ်ပင်စိုက်ပျိုး ခြင်းနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ကျန်းမာရေးပညာပေး ဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြား

၂၃-၆-၂၀၀၇ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၂၅ ၅။ ကျန်းမာသုတ
- ၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **အချစ်သည် လေပြေဒွေး၊ အိန္ဒြာကျော်ဇင်**
- ၁၃း၅၀ ၇။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၄း၁၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၁၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၃၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၉။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၀။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၁၃)
- ၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၄၀) ဇာတ်သိမ်းပိုင်း



**ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အောင်မင်းခေါင်ဘုရားလမ်းနေ ဖခင် ဦးဟန်စိုးအောင်အား ရည်စူးပြီး မိခင်ဒေါ်အေးလှိုင်၏ မွေးနေ့အထိမ်းအမှတ် အဖြစ် ဦးမျိုးလွင်-ဒေါ်မူမူ မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ် လှူဒါန်းစဉ်။** (က-ပ)

# စိုက်ပျိုးရေးလုပ်ငန်း ဝင်ငွေတိုးတက်ရရှိအောင် ညှိနှိုင်းဆွေးနွေး စီးပွားရေးတွက်ခြေကိုက်အောင် စက်စွမ်းအားအသုံးပြု ဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

**စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၁ ရက်နံနက်ပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက် အမှာစကားပြောကြားသည်။**

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းရပ်များ တိုးတက်အောင် ဦးတည်ချက်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိလာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် ထိုက်သင့်သော တိုးတက်မှုများ ရရှိနေကြောင်း၊ ရရှိနေသော တိုးတက်မှုအခြေအနေကောင်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးမှုဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့သည် အရေးပါကြောင်း၊လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးကို ပထမဦးတည်ချက်အဖြစ် ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရမည်ဟု ဦးတည်ရည်ရွယ်ဆောင်ရွက်နေကြောင်း။





**တိုးချဲ့စိုက်ပျိုး**

ဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများသည် ပူးပေါင်းညှိနှိုင်း၍ ဦးတည်ချက် ရည်မှန်းချက်ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအားမြင့်မားတိုးတက်ရန် စိုက်ဧက တိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်စပါးနှင့် ပတ်သက်၍ နိုင်ငံ၌ ဖူလုံပိုလျှံမှုရှိနေကြောင်း၊ တစ်ဧကအထွက်နှုန်းတိုးရန် မျိုးပြောင်းလဲမှု၊ မျိုးကောင်းမျိုးသန့်ထိန်းသိမ်းပွားများမှုတို့ကိုဆောင်ရွက်နေကြောင်း၊ စားသုံးဆီနှင့် ပတ်သက်၍ ဖူလုံမှုရှိအောင် ဆောင်ရွက်ရာတွင် စိုက်ဧကတိုးချဲ့ရေး၊ အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ မြေပဲ၊ နှမ်း၊ နေကြာအပြင် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဆီအုန်းတို့ကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည်စားဝတ်နေရေးကိုသာမက စွမ်းအင်ကဏ္ဍကိုပါ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး၍ ဇီဝဒီဇယ်ဆီထုတ်လုပ်ပေးနေသည့် ကဏ္ဍဖြစ်ကြောင်း၊ ကြက်ဆူစိုက်ခင်းများ တည်ထောင်၍ ကျေးလက်ဒေသသုံး ဇီဝဒီဇယ်ဆီများ ထုတ်လုပ်သုံးစွဲနိုင်သည်အထိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**မြေယာများချထားပေး**

စစ်ကိုင်း၊ မကွေး၊ ကချင်ပြည်နယ် စသည့် ဒေသများတွင် မြေလွတ်မြေရိုင်းများ၌ မြေယာလုပ်ကိုင်ခွင့်ရယူပြီး စိုက်ခင်းကြီးများ စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆီအုန်း၊ ရော်ဘာတို့ စိုက်ပျိုးလိုသူများရှိလာ၍ မြေယာများ ချထားပေးလျက်ရှိကြောင်း။

**ညှိနှိုင်းဆွေးနွေး**

ယခုအစည်းအဝေးတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ပြည်သူလူထုဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးပြီး ဒေသအလိုက် ဖူလုံမှုမရှိသေးသည့် ပြည်နယ်၊ တိုင်းများတွင် ဖူလုံပိုလျှံလာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကုန်းမြင့်လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်ရေး၊ အထွက်ကောင်း ယာစပါးများပြောင်းလဲစိုက်ပျိုးရေး၊ စားသုံးမှုကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရေး၊ စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး၊ လေလွင့်ဆုံးရှုံးမှု မရှိရေး၊ စိစစ်သုံးစွဲရေး၊ ခြိုးခြံချွေတာရေး၊ စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်ရေး စက်စွမ်းအားအသုံးပြု၍ လူ၊ လုပ်အား၊ အချိန်ကုန်သက်သာအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဇွန် ၂၂**

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၉)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇွန် ၂၉ရက် (ပထမဝါဆိုလပြည့်နေ့)မှ ဇူလိုင် ၇ရက် (ပထမဝါဆိုလပြည့်ကျော် ၈ ရက်)အထိကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ပုညာရာမ ဝါတွင်း ရက် ၁၀၀ စခန်းပွဲ

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ၌ ဝါတွင်းကာလ ဇူလိုင် ၁၉ရက်မှ အောက်တိုဘာ ၂၆ရက်အထိ ရက် ၁၀၀စခန်းပွဲကို အဆိုပါ ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပုညာနန္ဒ(ဗဟုဇနဟိတဓရ)က ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ် ရောက် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဇူလိုင် ၁၈ ရက် ညနေ အရောက်လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## အိုလံပစ်နေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

**၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ဇွန် ၂၄ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။**

**နိုင်ငံတကာဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို (က)အသင်းနှင့် (ခ) အသင်းဟူ၍ နှစ်သင်းခွဲပြီး ယှဉ်ပြိုင်သွားမည်ဖြစ်သည်။** (မြန်မာ့အလင်း)

## ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၂**

ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဖြိုးစည်သူထုတ်လုပ်မှု ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ကြံခင်းမြို့နယ် ဓနိပင်ကွင်းကျေးရွာ၊ ပေကုန်းကြီးကျေးရွာ နှင့် အုပ္ပံကျေးရွာတို့၏ အခြေခံပညာမူလတန်းကျောင်းများအတွက် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ **(အောက်ပုံ)**ကို ဇွန် ၁၉ရက် နံနက် ၉နာရီကကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

**နေပြည်တော်လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်း ကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှုအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။**

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## ပုဇွန်တောင်မြို့နယ် ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

**ရန်ကုန် ဇွန် ၂၂**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇) ဖြင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်မှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူသော မြသိန်းတန်ဆရာတော် ဘဒ္ဒန္တသောဘန၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဘုရားဖြူဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ရွှေဘုံသာ(ရွှေဘုန်းပွင့်) ဆရာတော် ဘဒ္ဒန္တဝါယမတို့အား ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းတို့က ကြီးမှူး၍ ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် (တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ **(က-ပ)**



## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။**

**၂၀၀၇ ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

(၂၄-၆-၂၀၀၇)ရက်နေ့ ၂၀၀၇ခုနှစ်

**ဇူလိုင်လအတွက်**

(၈-၇-၂၀၀၇)ရက်နေ့

နှင့်

(၂၉-၇-၂၀၀၇)ရက်နေ့

# ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေး (၁)

ဆီးချိုသွေးချိုရောဂါသည် အဓိကအားဖြင့် အမျိုးအစား(၁)နှင့် အမျိုးအစား(၂)ဟူ၍ရှိရာ အမျိုးအစား(၂)က ဆီးချိုသွေးချိုလူနာများ၏ ၉၅ရာခိုင်နှုန်းတွင် တွေ့ရ၍ ပို၍အရေးကြီးသည်။ ဆီးချိုသွေးချို ရောဂါ ကာကွယ်ရေးဟုဆိုရာ၌ ဤအမျိုးအစား(၂)ကို ဆိုလိုကြောင်း ဦးစွာဖော်ပြလိုပါသည်။ ကာကွယ်ရေးဆိုရာ၌လည်း ဤရောဂါကို မဖြစ်ပွားမီကပင် ကာကွယ်ရေး(သို့မဟုတ်)ပထမအဆင့်ကာကွယ်ရေး(Primary Prevention) ကို ရည်ရွယ်ကြောင်း ဦးစွာကတည်းက ရှင်းပြထားလိုပါသည်။

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါသည် ကမ္ဘာအနှံ့ မည်သည့်လူမျိုးတွင်မဆို ဖြစ်ပွားလျက်ရှိရာ လူထုအတွင်း လေ့လာဆန်းစစ်ချက်များအရ ထိရောက်သော ကာကွယ်ထိန်းသိမ်းရေး စီမံချက်များ ချမှတ်၍ အရေးယူဆောင်ရွက်ခြင်း မရှိလျှင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းသည် တစ်ကမ္ဘာလုံးတွင် ဆက်လက်၍ ကြောက်ခမန်းလိလိ တိုးပွားနေမည်ဟု အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိသာထင်ရှားနေသည်။ ဩစတြေးလျနိုင်ငံတွင် ပြုလုပ်ခဲ့သော သုတေသန ရှာဖွေတွေ့ရှိချက်များအရ ဆီးချိုသွေးချို ရောဂါသက်သက်ကြောင့် ဆေးကုသရေး ကုန်ကျစရိတ်များသည်လည်း သက္ကရာဇ် ၂၀၅၁ ခုနှစ်တွင် ၃ ဒသမ ၇ ဆအထိ တိုးပွားလာမည် ဖြစ်ကြောင်း သိရသည်။

ဆီးချိုသွေးချိုလူနာများ၏ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းတို့သည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် သေဆုံးကြရသည်။ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါရှင်များသည် ဤရောဂါမရှိသူများထက် နှစ်ဆမှ လေးဆအထိ နှလုံးသွေးကြောကျဉ်းရောဂါ ပိုမိုဖြစ်ပွားကြသည်။ ဤနှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားခဲ့လျှင်လည်း အခြားဆီးချိုသွေးချို ရောဂါမရှိသူများထက် ပိုမို၍ အခြေအနေ အလားအလာများ ဆိုးရွားကာ ပိုမိုအသေအပျောက်နှုန်း များပြားလာကြသည်။ ဦးနှောက်သွေးကြောဆိုင်ရာရောဂါများ (လေဖြတ်ခြင်း ရောဂါများ)နှင့် ခြေလက်သွေးကြောကျဉ်း၍ဖြစ်သော ရောဂါများသည်လည်း ဆီးချိုသွေးချိုရောဂါရှင်များတွင် ဤရောဂါမရှိသူများထက် ပိုမိုဖြစ်ပွားကြောင်း သိရသည်။ အချိန်မတန်ခင်စော၍ သေပျောက်နှုန်းသည်လည်း ဆီးချိုသွေးချိုရောဂါရှင်များတွင် ဖြစ်ပွားကြကာ သာမန်လူများထက် ၁၂ နှစ်မှ ၁၄ နှစ်သက်တမ်း ပိုမိုတိုကြောင်း သုတေသနပြုချက်များတွင် တွေ့ရှိကြရသည်။

သို့ဖြစ်ပါ၍ ဤဆီးချိုသွေးချိုရောဂါကို ဖွံ့ဖြိုးပြီးရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ မဖြစ်ခင်က ကာကွယ်နိုင်ရန် အရေးကြီးလာသည်။ ဤရောဂါနှင့်အတူ ဖြစ်ပွားနှုန်းများသော နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်ပွားနှုန်းကိုလည်း ကျဆင်းလာရအောင် ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြရန် အထူးပင်အရေးကြီးလာသည်။

**ဆီးချိုသွေးချိုရောဂါ ဘာကြောင့် ဖြစ်ပွားရသလဲ**

အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါသည် ဗီဇ(gene)နှင့်ရော လူ့ဘဝနေထိုင်မှုဟန်(Lifestyle)ဆိုင်ရာ အကြောင်းအချက်များ ဆက်နွှယ်ဖြစ်ပွားလာရသည်။ ဤရောဂါဖြစ်ပေါ်လာရေးအတွက် ဗီဇ(gene)ဆိုင်ရာ အကြောင်းအချက်များ လိုအပ်သည်ဆိုသော်လည်း ၎င်းဗီဇကို နှိုးဆွပေးပြီး ရောဂါပိုဖြစ်စေရန် ပတ်ဝန်းကျင်အကြောင်းအချက်များနှင့် အပြုအမူဆိုင်ရာ အကြောင်းအချက်များကလည်း အရေးကြီးကြသည်။ အထူးသဖြင့် လူ့ဘဝနေထိုင်မှုဆိုင်ရာ အကြောင်းအချက်များက အရေးကြီးကြပါသည်။ ၎င်းအရေးကြီးသော အကြောင်းအချက်များတွင် ကိုယ်အလေးချိန် ရှိသင့်သည်ထက် ပိုနေခြင်း(Overweight)၊ ဝမ်းဗိုက်ပိုင်းအဆီများ၍ ဝနေခြင်း(Abdomenal Obesity)နှင့် ကိုယ်ကာယလှုပ်ရှားမှု နည်းပါးခြင်း (Physical inactivity) တို့ အဓိကပါဝင်ကြသည်။ မိခင်ဝမ်းတွင်း သန္ဓေသားဘဝ သားအိမ်တွင်နေခဲ့စဉ် အခြေအနေနှင့် ငယ်ရွယ်စဉ်ကလေးဘဝအစအဦး အခြေအနေများ၏ ဩဇာသက်ရောက်မှုတို့ကလည်း အရေးပါကြောင်း ယနေ့ကာလတွင် ယုံကြည်လက်ခံလာကြသည်။

အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါသည် လျင်မြန်များပြားစွာ တိုးပွားဖြစ်ပေါ်လာနေခြင်းက လူ့ဘဝနေထိုင်မှုဟန်နှင့် သက်ဆိုင်သော အကြောင်းအချက်များ၏ အရေးပါမှုကို ညွှန်ပြနေကြသကဲ့သို့ ဤလူ့ဘဝနေထိုင်မှုဟန်ဆိုင်ရာ အကြောင်းအချက်များအား ပြုပြင်ပြောင်းလဲခြင်းဖြင့် အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါကို ကာကွယ်နိုင်မည့် အလားအလာ အခွင့်အရေးများလည်း ဖြစ်နေကြသည်။ အမျိုးအစား(၂) ဆီးချိုသွေးချို ရောဂါ ဖြစ်ပွားနှုန်း သိသိသာသာ ထင်ထင်ရှားရှား များပြားလာခြင်းကို လူ့ဘဝနေထိုင်မှုဟန်များ လျင်မြန်စွာနှင့် သိသာစွာ အဓိကပြောင်းလဲခဲ့သော လူထုများအတွင်း ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းလူ့ဘဝနေထိုင်မှုဟန်များတွင် အဓိကအားဖြင့် အစားအသောက်ဆိုင်ရာ ပြောင်းလဲမှုများ၊ ကိုယ်ကာယလှုပ်ရှားမှု လျော့နည်း ကျဆင်းလာခြင်းများနှင့် ၎င်းတို့၏ နောက်ဆက်တွဲ ရလဒ်များအဖြစ် ကိုယ်ခန္ဓာအလေးချိန် ရှိသင့်သည်ထက် ပိုလာခြင်းနှင့် အဝလွန်ကဲလာကြခြင်းတို့ ပါဝင်ကြသည်။

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါကို ပိုမို၍ ဖြစ်ပွားမှုများစေသော အကြောင်းအချက်များ (Risk factor for Type 2 Diabetes) ကို အဓိကအားဖြင့် လူတို့ပြုပြင်ပြောင်းလဲ၍ မရနိုင်သော အကြောင်းအချက်များ (Unmodifiable risk factors)နှင့် ပြုပြင်ပြောင်းလဲ၍ ရနိုင်သော အကြောင်းအချက်များ (Modifiable risk factors)ဟူ၍ အုပ်စုနှစ်စု ခွဲခြားနိုင်သည်။

**အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ပို၍ဖြစ်နိုင်ချေများသူများ**

**(က) ပြုပြင်ပြောင်းလဲ၍မရနိုင်သော အကြောင်းအချက်များ (Non- modifiable risk factor)**

- လူမျိုး (Ethinicity)
- အမျိုးအစား(၂) ဆီးချိုသွေးချို မျိုးရိုးရှိခြင်း (Family Lintony of type 2 diabetes)
- အသက် (Age)
- လိင်အမျိုးအစား (Gender)
- ကိုယ်ဝန်ဆောင်စဉ်မှ ဖြစ်ပေါ်လာသော ဆီးချိုသွေးချိုရောဂါ (Gestational diabetes)
- သားဥတွင် အရည်အိတ်များ ဖြစ်ပေါ်လာသောရောဂါ (Polycystic ovarian syndrome)

**(ခ) ပြုပြင်ပြောင်းလဲ၍ ရနိုင်သော အကြောင်းအချက်များ (Modifi able risk factors)**

- ကိုယ်အလေးချိန်ပိုနေခြင်း (Oberweight) နှင့် အဝလွန်ခြင်း (obesity)
- အထိုင်များသော လူ့ဘဝနေထိုင်မှုဟန် (Sedentary Lifestyle)
- ယခင်က သွေးတွင်းဂလူးကို့စ်များ ဆီးချိုသွေးချို ကနဦးအဆင့်ထိ များပြားခဲ့ဖူးခြင်း (IGT and/IFG)

**ဒေါက်တာ တင့်ဆွေလတ်**

- ဇီဝရုပ်ဖြစ်စဉ်ရောဂါ အစုအဝေးနှင့်ဆိုင်သော (Metabolic syndrome) အချက်များဖြစ်သည့် သွေးတိုးရောဂါ (Hypertension)
- HDL Cholesterol နည်းနေခြင်း (လူအားအကျိုးပြုသည့် အဆီဓာတ်နည်းပါးနေခြင်း)
- Triglyceride အဆီဓာတ်များနေခြင်း (လူအားအကျိုးမပြုသည့် အဆီဓာတ်များပြားနေခြင်း)
- အစားအသောက်ဆိုင်ရာ အကြောင်းအချက်များ (Dietary factors)
- မိခင်ဝမ်းတွင်း သားအိမ်တွင်းနေထိုင်ခဲ့စဉ် ပတ်ဝန်းကျင် (Intrauterine environment)
- ရောင်ခြင်း (Inflammation)

**ပြုပြင်ပြောင်းလဲ၍ မရနိုင်သော အကြောင်းအချက်များ (Non-modifiable risk factor)**

**(က) ဗီဇဆိုင်ရာအကြောင်းအချက်များ (Genetic factors)**

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါသည် မျိုးရိုးဗီဇနှင့်များစွာ သက်ဆိုင်နေသည်။ သို့ရာတွင် မည်သည့်ဗီဇ(Gene)သည် ဆီးချိုသွေးချိုရောဂါပိုဖြစ်နိုင်ချေနှင့် ဆက်စပ်နေသည်ကို အတိအကျ ရှာဖွေဖော်ထုတ်နိုင်ခြင်း မရှိသေးပါ။ ပတ်ဝန်းကျင်တစ်ခုတည်းတွင် နေထိုင်ကြလင့်ကစား လူမျိုးအုပ်စု(Ethinic Group)အလိုက် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှု ပမာဏကွဲပြားခြားနားသည်ဆိုသည့်အချက်က မျိုးရိုးဗီဇနှင့် အရေးပါစွာ ဆက်စပ်နေကြောင်း ဖော်ညွှန်းနေသည်။

**(ခ) အသက်အရွယ်နှင့် ကျားမ လိင်ကွဲပြားခြင်း (Age and Gender)**

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါသည် အသက်ကြီးလာသည်နှင့်အမျှ ပိုမိုဖြစ်ပွားနှုန်း များပြားလာသည်။ ဆီးချိုသွေးချိုရောဂါ စတင်ဖြစ်ပွားသည့် အသက်အရွယ် ပိုမိုငယ်လာကာ ဆယ်ကျော်သက်များတွင်ပင် ဤဆီးချိုသွေးချိုရောဂါ စတင်ဖြစ်ပွားလာသည်ကို လွန်ခဲ့သည့် ဆယ်စုနှစ်များကပင် တွေ့မြင်နေခဲ့ကြရသည်။ အထူးသဖြင့် ခန္ဓာကိုယ်အတွက် စွမ်းအင်ဓာတ်စားသုံးမှုနှင့် သုံးစွဲမှုမမျှသော နိုင်ငံများတွင် ဤကဲ့သို့ လူငယ်လူရွယ်များတွင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ စတင်ဖြစ်ပွားလာမှုကို သိသိသာသာ တွေ့မြင်နေကြရသည်။

**(ဂ) ကိုယ်ဝန်ဆောင်စဉ်မှ ဖြစ်ပွားသော ဆီးချိုသွေးချိုရောဂါ ယခင်က ဖြစ်ပွားဖူးခဲ့ခြင်း (Previous gestational diabetes)**

ကိုယ်ဝန်ဆောင်စဉ်မှ ဖြစ်ပွားသော ဆီးချိုသွေးချိုရောဂါသည် ကလေးမီးဖွားပြီးလျှင် အများအားဖြင့် ရောဂါပျောက်သွားပြီး လူကောင်းအတိုင်း ပြန်ဖြစ်သွားလေ့ရှိသည်။ သို့ရာတွင် ထိုအမျိုးသမီးများသည် နောင်အခါတွင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာချေ အလွန်ပင်များပြားကြောင်း တွေ့ရသည်။

**ပြုပြင်ပြောင်းလဲ၍ ရနိုင်သော အကြောင်းအချက်များ (Modifiable risk factors)**

**(က) အဝလွန်ကဲခြင်း(Obesity)**

အဝလွန်ကဲခြင်းသည် အမျိုးအစား (၂)ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုအတွက် အရေးကြီးဆုံးသော အကြောင်းအချက်ဖြစ်သည်။ အခုအခါ ကမ္ဘာပေါ်တွင် ရှိသင့်သည့် ကိုယ်အလေးချိန်ထက် ပိုနေသူ (Overweight) ပေါင်း ၁ဒသမ ၁ဘီလီယံ(သန်းပေါင်း တစ်ထောင့်တစ်ရာ)ရှိနေပြီး နောင်လာမည့် သက္ကရာဇ် ၂၀၁၅ခုနှစ်တွင် ၁ဒသမ၅ဘီလီယံ(သန်းပေါင်း တစ်ထောင့်ငါးရာ)အထိ တိုးတက်များပြားလာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တွက်ချက်ခန့်မှန်းထားသည်။ နှစ်ကာလရှည်လျားစွာ လေ့လာသုတေသနပြုချက်များအရ အဝလွန်ကဲခြင်းသည် အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာမှုကို ကြိုတင်ခန့်မှန်းနိုင်စေသော များစွာခိုင်မာသည့် အချက်တစ်ချက်ဖြစ်ကြောင်း သာဓကများ တွေ့ရှိထားသည်။ ထို့အပြင် အဝလွန်ကဲခြင်းကို လျော့နည်းအောင် ပြုလုပ်နိုင်ခြင်းအားဖြင့်လည်း အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေကြောင်း တွေ့ရှိထားကြသည်။ အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါ ပိုမိုဖြစ်နိုင်ချေ ရှိ၊မရှိကို ခါးပတ်လည်အတိုင်းအထွာ (Waist Circumference)နှင့် ခါးနှင့်တင်ပါး အတိုင်းအထွာတို့၏ အချိုး(Waist-to-hipratio) တို့သည် ခန္ဓာကိုယ်သိပ်သည်းဆ အညွှန်း (Body Mass Index) ထက်ပိုမို၍ မှန်ကန်စွာ ညွှန်ပြနိုင်ကြောင်း သုတေသနပြုမှုများစွာက ရှာဖွေတွေ့ ရှိခဲ့ကြသည်။

ဝသည့် ပမာဏချင်းတူသူများတွင်ပင် ကိုယ်ကာယလှုပ်ရှားမှု ပိုများသူများက ကိုယ်ကာယလှုပ်ရှားမှု နည်းသူများထက် ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှု ပိုမိုနည်းပါးကြသည်။

**(ခ) အာဟာရဆိုင်ရာ အကြောင်းအချက်များ(Nutritional factors)**

ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သုတေသနပြုမှုများတွင် တညီတညွတ်တည်း အမြဲတွေ့နေခဲ့သည့် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါကို ပိုမိုအဖြစ်များစေသော အကြောင်းအချက်များမှာ ကယ်လိုရီ ခေါ် အင်အားဓာတ်စားသုံးမှု ပမာဏများခြင်း၊ အစားအစာများတွင် အမျှင်ဓာတ်(Fibre)ပါဝင်မှုနည်းပါးခြင်း၊ အချိုဓာတ်စားသုံးမှု ပမာဏများပြားခြင်းနှင့်မပြည့်ဝဆီနှင့်စာလျှင် ပြည့်ဝဆီစားသုံးမှုအချိုးက ပိုမိုများပြားနေခြင်းတို့ကြောင့် ဖြစ်ကြသည်။

**(ဂ) အခြားအကြောင်းအချက်များ**

အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါကို ပိုမိုဖြစ်ပွားစေသော အကြောင်းအချက်များတွင် ဗီဇနှင့်လူ့ဘဝ နေထိုင်မှုဟန်တို့က အရေးကြီးဆုံး အကြောင်းအချက်များ ဖြစ်ကြသော်လည်း၊ ပြုပြင်ပြောင်းလဲယူ၍ရနိုင်သော အခြားအကြောင်းအချက်များလည်း ရှိပါသေးသည်။ ၎င်းတို့မှာ မွေးစဉ်က ကိုယ်အလေးချိန်နည်းပါးခြင်း(Low birthweight)၊ သန္ဓေသား မိခင်၏ သားအိမ်တွင်းရှိစဉ် ဆီးချိုသွေးချိုရောဂါ ပိုဖြစ်စေနိုင်သော ပတ်ဝန်းကျင်တွင် ရှင်သန်ကြီးထွားခဲ့ရခြင်း၊ (Exposure to a diabetic environment in utero)နှင့် ရောင်ရမ်းခြင်းဖြစ်စဉ် (Inflammatory Component)စသည်တို့ ဖြစ်ကြသည်။

**(ဃ) ခန္ဓာကိုယ်မှ Glucose ခေါ် အချိုဓာတ်အား ခံနိုင်ရည်မရှိခြင်း (Glucose Intolerance)နှင့်နှလုံးသွေးကြောဆိုင်ရာရောဂါပိုဖြစ်စေသော အကြောင်းအချက်များ စုဝေးပေါင်းစပ်၍ ရှိနေခြင်း**

ဆီးချိုသွေးချိုရောဂါ၏ ကနဦးအဆင့် (Pre- diabetes) ရှိသူများသည် နှလုံးသွေးကြောဆိုင်ရာ ရောဂါပိုဖြစ်စေသော အကြောင်းအချက်များနှင့်လည်း ပိုမို၍ ယှဉ်တွဲဖြစ်ပေါ်နေတတ်သည်။ ဥပမာအားဖြင့် ဝမ်းဗိုက်ပိုင်းတွင် အဝလွန်ကဲခြင်း (Abdominal Obesity)၊ တရိုင်ဂလစ်စရိုက် (Triglyceride) ခေါ် ကောင်းကျိုးမပြုသည့် အဆီဓာတ်များပြားနေခြင်း၊ HDL ခေါ် ခန္ဓာကိုယ်အား ကောင်းကျိုးပြုသည့် အဆီဓာတ်များ နည်းပါးနေခြင်း၊ သွေးပေါင်ချိန်တက်နေခြင်း (သို့မဟုတ်) သွေးတိုးရောဂါရှိနေခြင်းစသည့် ခန္ဓာကိုယ်ဇီဝဖြစ်စဉ် ရောဂါအစုအဝေး (Metabolic Syndrome) တို့သည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါကို ပိုမိုဖြစ်ပွားနိုင်ချေ များပြားသည်။ ၎င်းအကြောင်းအချက်များအပြင် သွေးတွင်း သိပ်သည်းဆနည်းသည့် အဆီဓာတ်(LDL cholesterol) များ များပြားနေခြင်း၊ ဆီးချိုသွေးချိုရောဂါ ကနဦးအဆင့်ရှိသော သူများသည် သာမန်လူများထက် နှလုံးသွေးကြောကျဉ်းရောဂါ ပိုမို၍ များခြင်းကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ပိုမိုဖြစ်ပွားစေသော အကြောင်းအချက်များ (ဥပမာ-ဆေးလိပ်သောက်ခြင်း)တို့ကိုလည်း အရေးတယူ ကုသကြရန်လည်း လိုအပ်သည်။

အထက်ဖော်ပြပါ လူ့ဘဝနေထိုင်မှုဟန်အား ပြုပြင်ပြောင်းလဲခြင်းဖြင့် အမျိုးအစား (၂)ဆီးချိုသွေးချိုရောဂါ မဖြစ်ပွားရအောင် ကာကွယ်နိုင်ခြင်း ရှိ၊ မရှိ လေ့လာခဲ့သော သုတေသနပြုမှုများတွင် အဆီစားသုံးမှုလျှော့ချခြင်း၊ ဟင်းသီးဟင်းရွက်များကို တိုး၍စားသုံးနေခြင်းနှင့်ကယ်လိုရီစွမ်းအင်ဓာတ်ကို အသင့်အတင့်သာ စားသုံးစေခြင်းများ ပြုလုပ်ခဲ့ကြသည်။ ၎င်းလေ့လာချက်များတွင် ကိုယ်ကာယလှုပ်ရှားမှုအသင့်အတင့်တိုး၍ ပြုလုပ်ရန် တစ်ပတ်လုံး (သို့မဟုတ်) ရက်တော်တော်များများတွင် တစ်နေ့လျှင် မိနစ် ၃၀ မှ ၄၀ အထိ လေ့ကျင့်ခန်း ပြင်းပြင်းလုပ်ခိုင်း ခဲ့ကြသည်။ ဤကဲ့သို့ အစားအသောက်ဆိုင်ရာ ပြုပြင်လိုက်နာခြင်းများနှင့် ကိုယ်ကာယလှုပ်ရှားမှု ပိုမိုများပြားစေခဲ့ခြင်းတို့ကြောင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါဟာ ၂၈ရာခိုင်နှုန်းမှ ၆၃ရာခိုင်နှုန်းအထိ လျော့နည်း ကျဆင်းစေခဲ့ကြောင်း လေ့လာသိရှိနိုင်သည်။ လူ့ဘဝနေထိုင်မှုဟန် ပြုပြင်ပြောင်းလဲမှု၏ ရလဒ်အဖြစ် တစ်လလျှင် ၂ကီလိုဂရမ် ကိုယ်အလေးချိန် လျော့နည်းစေခြင်း(သို့မဟုတ်)ရှိရင်း ခန္ဓာကိုယ်အလေးချိန်၏ ၅ရာခိုင်နှုန်းကို ခြောက်လအတွင်း လျော့နည်းစေခြင်း ဖြစ်စေရန် လိုအပ်သည်။ သွေးတွင်း Glucose ခေါ် အချိုဓာတ်သိသာစွာ လျော့နည်းကျဆင်းစေခြင်းလည်းရှိရန် လိုအပ်သည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်း ဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့်သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန် တိုင်း ပုဇွန်တောင် မြို့နယ် အမှတ်၁၈(A) အခန်း(၁၀၁)၅၆လမ်း လမ်းတိုနေ ဦးစိန်ဝင်း(၅၄)နှစ်ပြည့် မွေးနေ့အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်(က၀) အရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းအတွင်းရှိ ဆေးရုံတိုးချဲ့ဆောက်လုပ်ရေး လုပ်ငန်းများ

## ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

**အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းအတွင်းရှိ ဆေးရုံများ ဆေးကုသမှု အရည်အသွေးမြင့်မားရေး၊ ဆေးရုံတိုးချဲ့ဆောက်လုပ်ရေး လုပ်ငန်းများနှင့် လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းပြောကြား

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရွှေညောင်တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ ပင်းတယ ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ပွေးလှတိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ နန်းပန်တက် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ လည်းကောင်း၊ သာစည်မြို့နယ် ယင်းမာပင်တိုက်နယ်ဆေးရုံသို့ လည်းကောင်း အသီးသီးရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမများ၌ ကျန်းမာရေးကော်မတီဝင်များ၊ ဆရာဝန်နှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ဆင်းရဲမှုကို ပိုမိုနက်ရှိုင်းစေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန်၊ ယင်လုံအိမ်သာ အသုံးပြုရေးနှင့် ကျေးရွာတိုင်းတွင် သန့်ရှင်းသော သောက်ရေ ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်း ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဆေးရုံများ၏ လူနာဆောင်များ၊ သားဖွားခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သကျသီဟအောင်သိဒ္ဓိစေတီ ထီးတော်တင်လှူ

ရန်ကုန် ဇွန် ၂၂

ဝိနယသင်္ဂဟ အဋ္ဌကထာ နိဿယ ရေးသားပြုစုခဲ့သည့် ကျမ်းပြုအကျော် ငါ့သရောက် တ–မ–ခါးဆရာတော် ဘဒ္ဒန္တ ပရမခေမာထေရ်၏ ဂုဏ်ကို ဦးထိပ်ထားပြီး ဖခမည်းတော် ဦးမျိုးချစ်–မယ်တော်ဒေါ်ငွေမြေး၊နောင်တော်ကျောင်းဆရာ ကိုမြင့်သန်းတို့ကို ရည်စူး၍ ရန်ကုန် မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းအုပ်စု အောင်မင်္ဂလာဝင်ဒါမိဃာလမ်း သကျသီဟ သာသနဟိတ ပရိယတ္တိစာသင်တိုက် (ရွှေမန်းကျောင်းတိုက်)၏ အာဒိကမ္မိက၊ ပဓာနနာယက၊ စာချ ပခုက္ကူ ဝိပဿနာအဖွဲ့ချုပ် (မဟာရန်ကုန်) ဩဝါဒါစရိယ၊ မြို့နယ်ဝိနည်းမိုရ် ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ ရွှေမန်းဆရာတော်သည် သကျသီဟ အောင်သိဒ္ဓိ စေတီတော်မြတ်ကြီးကို ဧပြီ၁၅ရက်တွင် ထီးတော်တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။ **(က–ပ)**



**မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အိုလံပစ်နေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ဘိုးလင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၇ရက်က ရန်ကုန်တိုင်း တာမွေမြို့နယ်ရှိ Hight Track Bowling Centre၌ ကျင်းပရာ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဇော်က အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ဘိုးလင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။** (က–ပ)

# စိမ်းလဲ့ရွှေပြည် ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၂



စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၃)ကို ယမန်နေ့ ဖြန့်ချိလိုက်ရာ ယခုတစ်ပတ်သတင်းများတွင် ပီလောပီနံ့ဆီမှ ဇီဝစက်သုံးဆီထုတ်ရန်ကြိုးပမ်း၊ တရုတ်စကားပန်းများ ရေမွှေးပြုလုပ်ရန် တရုတ်ပြည်မှဝယ်၊ ကြက်သွန်ဖြူ စိုက်ပျိုးမှုနှင့် အထွက်နှုန်းပိုမိုများပြားလာ၍ ဈေးနှုန်းကျဆင်း၊ မြန်မာ့ ရေချိုငါးမျိုးစိတ် ၁၀၀ကျော်ကို အလှမွေးငါးအဖြစ် သတ်မှတ်နိုင်၊ မြွေမကြောက်၊ ကင်းမကြောက် ဗေဒါဒိုက်ထဲ ငါးနိုက်သူများ၊ ဒေသတွင်း ဆူနာမီ ကြိုတင်သတိပေးစနစ်ထူထောင်ရေး၊ နိုင်ငံတကာ အစိုးရများ ပူးပေါင်းဆောင်ရွက်၊ မိုးနှင့်အတူ လှုပ်ရှားနေသည့် ဝါးခနို၊ ၂၀၂၅ခုနှစ်တွင် မြန်မာ့ဆန်စပါး ထုတ်လုပ်မှု အဆ ၃၀ အထိ တိုးလာမည်၊ ချွေးနဲ့စာကို မတည်ပြီး မိဘမဲ့ကလေးများကို ရဟန်းခံ ရှင်ပြုပေးသည့် လူငယ်အဖွဲ့၏ မွန်မြတ်အလှူ၊ သိန်းတစ်ထောင်ကျော် အကုန်အကျခံ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး တပ်ဆင်ဖွင့်လှစ်၊ တစ်ဧကစိုက်လျှင် ၁၀သိန်း မြတ်သည့် ဘရာဇီး ငှက်ပျော စသည့် ပြည်တွင်းသတင်းများ၊ တာရှည်ခံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးနည်း (မေသန္တာဝင်း)၊ မြန်မာပိုင်ပြီ၊ တို့မြန်မာပိုင်ပြီ(မြတ်ခိုင်)၊ ဆေးလိပ်နှင့်ရာဇဝတ်မှု ပညာပေးဆောင်းပါး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် သင့်သောမြေအမျိုးအစား၊ နှမ်းနှင့်ဆီ အကြောင်း၊ သဘာဝရာသီဥတု၏ စပါးသီးနှံအပေါ် လွှမ်းမိုးမှု(ဖိုးထွေး–စိုက်ပျိုးရေး)၊ e-Library အဆင့်သို့ တိုးမြှင့်ခရီးဆက်နေသည့် ကညွတ်ကွင်းမြို့က လောကပြတင်း(ကျော်ဆွေဝင်း–ရွှေအင်း)အစရှိသည့် ဆောင်းပါးများအပြင် လှုပ်လှုပ်ရှားရှား အနုပညာသတင်းများ၊ ပါးကိုက်နားကိုက် အမေရိကန်–အီရန်၊ မန်ချက်စတာ စီးတီး ဘောလုံးအသင်းကိုဝယ်မည့် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် အပါအဝင် မောင်မြား၏ နိုင်ငံတကာသတင်းများ ဝေဝေဆာဆာ ဖော်ပြထားသည်။**(အပေါ်ပုံ)**

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ NPE စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်(သိမ်ဖြူလမ်း) စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်၂၂၈ သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်း ဓမ္မရောင်ခြည်လမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာခင်း

**စစ်ကိုင်းမြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့သည် ဇွန် ၁ ရက် နံနက်က စစ်ကိုင်းမြို့ ပါရမီ ရပ်ကွက် ဓမ္မရောင်ခြည်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်း လုပ်ငန်းကို လမ်းကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

**အဆိုပါ ဓမ္မရောင်ခြည် ကတ္တရာလမ်းသည် အရှည် ပေ ၉၈၀၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာကုန်ကျခံ၍ ပြည်သူလူထု ထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။**

(မြို့နယ်စည်ပင်)

# နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ညှိနှိုင်းစည်းဝေး

မိုးညှင်းမြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစိန်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မှန်မှန်ကန်ကန်နှင့် အမြန်ဆုံး ထုတ်ပေးနိုင်ရေး၊ လုပ်ငန်းများ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးမှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပိဋကအလင်းရောင် စာကြည့်တိုက်ဖွင့်

**မကွေးတိုင်း မြိုင်မြို့နယ် ပိဋကအလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ရက် နံနက် ၇ နာရီက ရွှေမြင်တင်ဘုရား အာရုံခံတန်ဆောင်း၌ ကျင်းပသည်။**

**အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌတို့က စာကြည့်တိုက်ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။** (၁၀၅)

**မြန်မာ့အလင်း**

# ပြည်တွင်း သတင်း အတိုအထွာ

# အကြိုအခြေခံမီးသတ် သင်တန်းဆင်း တူညီဝတ်စုံ ပေးအပ်

**ရွှေဘိုမြို့နယ် အကြိုအခြေခံ မီးသတ်ပညာသင်တန်း (၁/၂၀၀၇) ဆင်းပွဲနှင့် တူညီဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်က ရွှေဘိုမြို့နယ် မီးသတ်စခန်းတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ကြည် တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ၊ မြို့မိမြို့ဖ ဦးကြင်နှင့် တာဝန်ရှိသူများက သင်တန်းသားများကို တူညီဝတ်စုံများ ပေးအပ်ကြသည်။ တူညီဝတ်စုံ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၆၁၀၀၀၀ဖြစ်ကြောင်း သိရသည်။** (ခရိုင် ပြန်/ဆက်)

# အရန်သားဖွားဆရာမ သင်တန်းဆင်း

ပုလဲမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ အရန်သားဖွား ဆရာမ သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၇ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ဗိုလ်သာကြည်ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးနှင့်မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင့်တင့်အောင်တို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် အရန်သားဖွား ဆရာမများ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ ကောလင်း၌ကျင်းပ

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စနစ်တကျ ရှင်သန်အောင်မြင်ရေးနှင့် ခိုင်မာသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၇ရက်က ကောလင်းမြို့နယ် ရေကန်သာအုပ်စု လွယ်မောက်တောင်ကျေးရွာတွင် ကျင်းပရာ ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့် မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်၊ စာထောက် (၃) ဦးစိုးအေး၊ ဓာတ်ပုံကျွမ်းကျင် ဦးအောင်ကျော်စိုးတို့က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အတွက် အဘက်ဘက်မှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ကျေးရွာတိုင်း ခိုင်မာသောကျေးရွာပိုင် စာကြည့်တိုက်များ တည်ဆောက်သွားနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်အောင်မြင်ရေးလုပ်ငန်းများ အကျယ်တဝင့်ဆွေးနွေးပြီး တက်ရောက်လာကြသော ကျေးရွာဥက္ကဋ္ဌ ဦးဖေစိန်၊ ကျေးရွာစာကြည့်တိုက်မှူး ဦးဉာဏ်လွင်နှင့် ဦးဖေမောင်တို့က ပြန်လည်ဆွေးနွေးကြသည်။**

**အလားတူပင် ဇွန် ၅ ရက်က ကောလင်းမြို့နယ် စွယ်ရအုပ်စု မုတ်ဝ ကျေးရွာ စာကြည့်တိုက်တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။** (၀၂၆)

# စာကြည့်တိုက်ဆိုင်ရာ ပညာရပ်ဆွေးနွေးပို့ချ

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေးပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ မဘောခူကျေးရွာအုပ်စု မဘောခူ ကျေးရွာ စွမ်းအားကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပရာ လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးနိုင်နှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးမျိုးမြင့်ထွေးတို့က စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာဖတ်ပရိသတ်များ တိုးပွားရေး၊ စာအုပ်စာစောင်များ တိုးပွားရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းနှင့် စာကြည့်တိုက်ဆိုင်ရာ ပညာရပ်များကို ဆွေးနွေးပို့ချသည်။**(ခရိုင် ပြန်/ဆက်)**



# ကျောင်းကုန်းဒိုးတန်းကျေးရွာ အမကကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

## ငွေကျပ် ၂၅၃ သိန်းကျော် အကုန်အကျခံဆောက်လုပ်ခဲ့

ကျောင်းကုန်း ဇွန် ၂၀

**အလှူရှင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt)(Ph.D) က ဆောက်လုပ် လှူဒါန်းသော ကျပ် ၂၅၃ သိန်းကျော်တန်ဖိုးရှိ ကျောင်းကုန်းမြို့နယ် ဒိုးတန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၇ရက် နံနက် ၉ နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဒိုးတန်းကျေးရွာ အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျောင်းဆောင်သစ်အား အလှူရှင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt)(Ph.D)၊ တိုင်းပညာရေးမှူး ဦးခင်မောင်ရီနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

### သြဝါဒကထာ

ဆက်လက်၍ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပရာ အလှူရှင် သီတဂူဆရာတော်ဒေါက်တာဉာဏိဿရ (D.Litt)(Ph.D) က သြဝါဒကထာမိန့်ကြား၍ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဆရာတော်ကိုယ်စား သီတဂူသာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးဟန်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေက လက်ခံသည်။

ထို့နောက် ဆရာတော်က ပညာရေးတွင် အသုံးပြုရန် ငွေကျပ်ငါးသိန်း လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်က လက်ခံသည်။

### ဆောက်လုပ်လှူဒါန်းခဲ့

အဆိုပါ ကျောင်းဆောင်သစ်ပုံစံမှာ U(ယူ) ပုံစံဖြစ်ပြီး အလျား ၆၈ပေ၊ အနံ ၂၃ပေ၊ အမြင့် ၁၂ပေ၊ သွပ်မိုး၊ ကွန်ကရစ်အုတ်ညှပ်၊ ကွန်ကရစ် ကြွေပြားခင်းဖြစ်ပြီး ငွေကျပ် ၂၅၃သိန်းကျော် အကုန်အကျခံဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၂၆၅)**

# သထုံမြို့ ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

သထုံ ဇွန် ၇

**မွန်ပြည်နယ် သထုံမြို့နယ် တောင်စွန်းကျေးရွာ၌ ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့တွင် ကျင်းပရာ အခမ်းအနားသို့ တောင်စွန်းကျေးရွာ ကိုးတန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ဦးစီးမှူး ဦးခင်ညွန့်နှင့် ဝန်ထမ်းများ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးဝမ်ကြည်တို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



### ငွေကျပ်သိန်း ၃၀ကုန်ကျ

အဆောက်အအုံ အရွယ်အစားမှာ အလျား ၂၁ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေဖြစ်ပြီး အဆောက်အအုံတန်ဖိုး ငွေကျပ် သိန်း ၃၀ ကုန်ကျခဲ့၍ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်း၊ ကြွေပြားခင်း ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပေးအပ်

**ပေါင်မြို့နယ် မုတ္တမရဲတပ်ဖွဲ့စခန်းမှ မိသားစုများ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် မုတ္တမ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ခင်ညို၏ဇနီး ဒေါ်ဝင်းသီတာက ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၁၄၂၀၀၀ ကို ပေးအပ်စဉ်။** (၃၈၂)

# တနင်္သာရီတိုင်း တိုင်းရင်းဆေးဆရာအသင်းခွဲများ ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ ကျင်းပ

မြိတ် ဇွန် ၁၁

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(တနင်္သာရီတိုင်းအသင်းခွဲ) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တိုင်းရင်းဆေးဆရာအသင်းခွဲများ ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်ပွဲကို ဇွန် ၁၁ရက် မွန်းလွဲ ၁နာရီက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တနင်္သာရီတိုင်းရုံး မြိတ်မြို့တွင် ကျင်းပခဲ့သည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တနင်္သာရီတိုင်း တာဝန်ခံ ဦးမြင့်သိန်းလွင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးတင်မောင်လေးနှင့် အသင်းဝင် တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်ကြသည်။

### တာဝန်ပေးအပ်

အခမ်းအနားတွင် အမှုဆောင် ကိုးဦးပါဝင်သော မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း တနင်္သာရီတိုင်းကိုလည်းကောင်း၊ အမှုဆောင် ခုနစ်ဦးစီပါဝင်သော မြိတ်ခရိုင်အသင်းခွဲနှင့် ထားဝယ်ခရိုင် အသင်းခွဲတို့ကို လည်းကောင်း၊ အမှုဆောင် ငါးဦးစီ ပါဝင်သော မြိတ်မြို့နယ်အသင်းခွဲ၊ ထားဝယ်မြို့နယ် အသင်းခွဲနှင့် လောင်းလုံးမြို့နယ်အသင်းခွဲတို့၏ အလုပ်အမှုဆောင်အသစ်များကိုလည်းကောင်း ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်ကြသည်။

### ရှေ့လုပ်ငန်းစဉ်များ

ပြန်လည်ရွေးချယ်ခြင်း ခံရသော တနင်္သာရီတိုင်းအသင်းခွဲ ဥက္ကဋ္ဌဦးသိန်းနိုင်က ဆက်လက် ဆောင်ရွက်မည့် တိုင်းရင်းဆေးဆရာအသင်းခွဲများ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ခရိုင် ပြန်/ဆက်)**





# မြို့နယ် သတင်းများ

## နွေရာသီ သိုင်းသင်တန်းဆင်းပွဲ မြဝတီမြို့ မိုးလုံလေလုံခန်းမ၌ကျင်းပ

**မြဝတီ ဇွန် ၅**

မြဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသော နွေရာသီအခြေခံသိုင်းသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၃ရက် နံနက် ၉နာရီက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ အင်အား ၁၀၀ ခန့်တက်ရောက်ကြသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

### သင်တန်းကာလ

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၃ရက်မှ မေ ၂၃ရက်အထိ တစ်လကြာမြင့်သည်။

### သရုပ်ပြသ

ယင်းသင်တန်းဆင်းပွဲတွင် မြန်မာ့ရိုးရာသိုင်းစွမ်းရည် သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဘောလုံးအသင်းအား

## ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တွေ့ဆုံအားပေး

**နေပြည်တော် ဇွန် ၂၂**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဘောလုံးအသင်းကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံအားပေး မှာကြားသည်။ **(အောက်ပုံ)**

**ရှင်းလင်းတင်ပြ**

ထို့နောက် အဖွဲ့ဘောလုံးအသင်းခေါင်းဆောင်က ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး အသင်းအုပ်ချုပ်သူက ဘောလုံးအသင်း ယှဉ်ပြိုင်လေ့ကျင့်မှုအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**





ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက် လျက် ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ်မြေနီကုန်း ရှမ်းကုန်းလမ်း အမှတ်(၂၀/၂၂) (၇)လွှာနေ ဘိုးဘိုး ဦးဖိုးလွန်း-အဘွား ဒေါ်သိန်း၊ ဖေဖေ ဦးဝင်းရွှေ၊ မေမေဒေါ်ခင်သောင်းတို့အားရည်စူး၍ သား ဦးစိန်မောင်၊ သမီး မစန္ဒာဝင်း မောင်နှမတစ်စုတို့က အလှူငွေကျပ်နှစ်သိန်းကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးသိန်းထွန်းတို့က လက်ခံယူစဉ်။ (က-ပ)

# ခရမ်း ကွမ်းမိုးဒိန်း စံပြကျေးရွာ သာသနဇောတိကမစိုးရိမ်တိုက်သစ်

## ပရိယတ္တိစာပေများ သင်ကြားပို့ချနေပြီ

ရန်ကုန် ဇွန် ၂၂

**သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးတည်ချက်ဖြင့် မန္တလေးမြို့ရှိ မစိုးရိမ်တိုက်နှစ်တိုက်တို့မှ မဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသက ဦးဆောင်ကာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီးဒေါ်မြင့်မြင့် မိသားစုတို့၏ မတည်လှူဒါန်းမှုနှင့် အလှူရှင်များ၏ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ၌ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲအဖြစ် သာသနဇောတိက မစိုးရိမ်တိုက်သစ်အမည်ဖြင့် အဆောက်အအုံများကို ဆောက်လုပ်လျက်ရှိရာ ယခုအခါ အလျားပေ ၉၀၊ အနံပေ ၄၀ရှိ ပင်မကျောင်းဆောင်ကြီးသည် ၉၀ ရာခိုင်နှုန်းခန့်နှင့် မဟာဝိဇယသိမ်တော်နှင့် မဟာဝိဇယစေတီတော်တို့သည် ၆၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။**

**ဆောက်လုပ်သွားမည်**

ဆက်လက်၍ အလျား ၄၅ပေ၊ အနံ ၂၇ပေရှိ စာသင်သားဆောင်နှစ်ဆောင်၊ အလျား၆၁ပေ၊ အနံ ၂၇ပေရှိ စာချဆရာများဆောင် တစ်ဆောင်၊ ၁၀ခန်းတွဲ သံဃာတော်များ အသုံးပြုရန် ကုဋီ၊ ၁၅ပေရှိ ရေချိုးကန် နှစ်ကန်နှင့် မဟာရံတံတိုင်းများစသည့် သာသနိက အဆောက်အအုံများကို ဆောက်လုပ်သွားမည်ဖြစ်သည်။

**သင်ကြားပို့ချ**

ယခုအခါ သာသနဇောတိက မစိုးရိမ်တိုက်သစ်၌ စာချစာသင် သံဃာတော် ၃၀ ခန့် သီတင်းသုံးလျက်ရှိပြီး ပရိယတ္တိစာပေများကို သင်ကြားပို့ချနေပြီ ဖြစ်သည်။

**ဆက်သွယ်နိုင်**

လှူဒါန်းလိုပါက ဒုတိယ မဟာနာယက ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဖုန်း-၀၂-၃၉၅၉၈၊ ၀၉-၂၀-၀၆၂၂၅နှင့် သာသနဇောတိက မစိုးရိမ်တိုက်သစ် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဖုန်း-၀၁-၃၉၀၀၇၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ငွေကျပ် ၁၀၀တန်ထီဖွင့်ပွဲ ဇူလိုင် ၁ရက်၌ကျင်းပမည်

**ရန်ကုန် ဇွန် ၂၂**

(၂၂၂)ကြိမ်မြောက်ငွေကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက်၈နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်း အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်း နှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ထီဖွင့်ပွဲခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၂ဆု၊ငွေကျပ်၁၀သိန်း ၅၂၇ဆု၊ ငွေကျပ် ၅သိန်း ၁၇ဆု၊ငွေကျပ် ၄သိန်း ၂၁ဆု၊ ငွေကျပ်၂သိန်း ၁၉၂ဆု၊ ငွေကျပ် ၁သိန်းဆု ၁၅၃၀၊ ငွေကျပ် ၈သောင်းဆု ၆၀၊ ငွေကျပ် ၄သောင်း ၉၃ဆု၊ ငွေကျပ်၂သောင်း ၁၅၀၅၄ဆု စုစုပေါင်း ၁၈၃၃၃ဆု ဖြစ်သည်။

**လက်ခံဆောင်ရွက်ပေးမည်**

ယခု (၂၂၂)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇူလိုင် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၀၇ခုနှစ် မေလတွင် မူးယစ်ဆေးဝါး ၂၃၈ မှုဖမ်းဆီး

**ရန်ကုန် ဇွန် ၂၂**

၂၀၀၇ခုနှစ် မေလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း ၂၃၈မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၁မှု အလေးချိန် ၉၄ဒသမ ၂၈၇၃ ကီလို၊ ဘိန်းဖြူ ၆၁ မှု အလေးချိန် ဒသမ ၄၉၇၆ ကီလို၊ ဘိန်းဆီ ၁၂ မှု အလေးချိန် ၁၁ ဒသမ ၉၈၅၄ ကီလို၊ ဘိန်းညှိမှုန့်တစ်မှု အလေးချိန်၂ဒသမ၉၇ကီလို၊ အဆင့်နိမ့်ဘိန်း ၂၆မှု အလေးချိန်၃၁၇ဒသမ ၆၅၃ ကီလို၊ ဆေးခြောက် ၁၆ မှု အလေးချိန် ၂ ဒသမ ၃၆၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃မှု ၆၃၄၆၂၂ပြား၊ ဘိန်းစာမှုန့် ၁၁မှု အလေးချိန် ၄ဒသမ၄၂၄၄ကီလို၊ အက်ဖီဒရင်းနှစ်မှု အလေးချိန်၆၉ ဒသမ ၅၀၁ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့်၄၃၃ ဒသမ ၇ကီလို၊ ကေဖင်း ၁၀၂ ဒသမ ၃ကီလို၊ ဓာတုဆေးမှုန့် ၁၀၂၇ ဒသမ ၅ကီလို၊ ဗျူပရီနော်ဖင်းတစ်မှု ၉၅ လုံးနှင့် အခြားအမှုလေးမှုတို့ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် တရားခံ ကျား ၂၇၈ ဦး၊ မ ၇၄ ဦး စုစုပေါင်း တရားခံ ၃၅၂ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ဗိုလ်မှူးကြီး အောင်ကျော်လှ နှစ်နှစ်ပြည့်အားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် ဗဟိုလမ်း အမှတ် ၈၀/၈၁နေ ဦးသာကျော်မိသားစုနှင့် ဗိုလ်မှူးကြီး အောင်ကျော်လှ၏ဇနီး ဒေါ်အိအိမြမိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ခုနစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။** (က-ပ)



# စမ်းချောင်းမြို့နယ် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဇွန် ၂၂**

စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇွန် ၂၀ရက်က မြေနီကုန်း(မြောက်)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကျေးဇူးတင်စကား**

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအကြောင်း ဟောပြောပြီးနောက် စာဖတ်ဝိုင်းကျင်းပရာ ဇွန် ၁၄ရက်ထုတ် သတင်းစာပါ ဆောင်းပါးရှင် ဝဏ္ဏမင်းခေါင်၏ အချိန်မီပါသေးတယ် ဆောင်းပါးကို စမ်းချောင်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်မြင့်မြင့်ထူးနှင့် မြို့နယ် ကိုယ့်အားကိုယ်ကိုး ရပ်ကွက်စာကြည့်တိုက်မှူး ဒေါ်မြမြသန်းတို့က ဖတ်ကြားကြသည်။ ရပ်ကွက်အတွင်းမှ တက်ရောက်လာသူများက ဆောင်းပါးပါ အကြောင်းအရာများကို ဆွေးနွေးကြပြီး မြို့နယ် ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)** ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

# မြန်မာ့အသံ တိုင်းရင်းသားအစီအစဉ်များ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၂

**မြန်မာ့အသံက သုံးလ တစ်ကြိမ် အက္ခရာစဉ်အလိုက် အလှည့်ကျ ပြောင်းလဲ ထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို ဇူလိုင် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အထိ လှိုင်းတို ၆၃ ဒသမ၄၉မီတာမှ နေ့၌ ချင်းဘာသာ အစီအစဉ်ကို မွန်းလွဲ ၂နာရီမှ ၂နာရီ၄၅မိနစ်အထိ၊ မွန်ဘာသာ အစီအစဉ်ကို မွန်းလွဲ၂နာရီ ၄၅မိနစ်မှညနေ ၃နာရီခွဲအထိ၊ ရခိုင်ဘာသာအစီအစဉ်ကို ညနေ ၃နာရီခွဲမှ ၄နာရီ ၁၅မိနစ် အထိ၊ ရှမ်းဘာသာ အစီအစဉ်ကို ညနေ ၄နာရီ၁၅မိနစ်မှ ၅နာရီအထိ၊ ကချင်ဘာသာအစီအစဉ်ကို ညနေ ၅နာရီမှ ၅နာရီ၄၅မိနစ်အထိ၊ ကယားဘာသာအစီအစဉ်ကို ညနေ ၅နာရီ ၄၅ မိနစ်မှ ၆နာရီခွဲအထိ၊ စကောကရင်ဘာသာအစီအစဉ်ကို ညနေ၆နာရီခွဲမှ ည၇နာရီ ၁၅မိနစ်အထိနှင့် ပိုးကရင်ဘာသာအစီအစဉ်ကို ည ၇နာရီ၁၅မိနစ်မှည ၈နာရီအထိ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။** (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် ကျောင်းသန့်ရှင်းရေးဆောင်ရွက်မှုကြည့်ရှုစစ်ဆေး အထူးသန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း အခြေခံပညာကျောင်းများသို့လှူဒါန်း

နေပြည်တော် ဇွန် ၂၂

**ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူး၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်းပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀နာရီက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့်ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများ တက်ရောက်ကြသည်။**

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ကျော့ကျော့စံက အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့် အထူးသန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို အခြေခံပညာအထက်တန်းကျောင်း ၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမများထံသို့ အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်နယ်ပညာရေးမှူး ဦးအေးကြိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

## ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်း ကျောင်းသန့်ရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် စစ်တွေမြို့နယ်ရှိ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်းကိုးကျောင်း၊မူလတန်းကျောင်း ၃၀ စုစုပေါင်း ၄၆ ကျောင်းသို့ သန့်ရှင်းရေးလုပ်ငန်းသုံး ပစ္စည်းအစုံ ၁၁၅ စုံအား ပေးအပ်လှူဒါန်းခဲ့ပြီး ပစ္စည်းများ၏တန်ဖိုးမှာ ငွေကျပ် ၅၆၇၉၀၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက် အဆိုပါ ကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူများအား ကလေးအထူးကုဆရာဝန်ကြီးနှင့် စစ်တွေမြို့နယ်မှ ဒေါက်တာ ဒေါ်မို့မို့စိမ်းတို့က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်းနှင့် ဆေးလိပ်နှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများအား ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာချ စာသင် ဆရာတော်၊ သံဃာတော်များအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ် နှစ်သိန်း ငါးသောင်းကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း ပေးအပ်လှူဒါန်းစဉ်။** (မီးသတ်ဦးစီး)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မှ သံဃာတော်များအား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆွမ်းဆက်ကပ်

**ရန်ကုန် ဇွန် ၂၂**

နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ သံဃာတော်များ၊ စာသင်သား သံဃာတော်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့ တို့အား အမှူးထား၍ ဝန်ထမ်းမိသားစု များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ အဆိုပါ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ် ဆွမ်းစားဆောင်၌ ကျင်းပသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်း အနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့် ထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီး ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့်ဇနီးများ၊ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစု များ တက်ရောက်ကြသည်။

## သီလခံယူ

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ နာယကချုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

## ဆက်ကပ်

ထို့နောက် နာယကချုပ် ဆရာ တော်အား ဝန်ကြီးကိုယ်စား မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။

## ဂုဏ်ပြုလွှာပေး

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ရှိ စာချ၊ စာသင်ဆရာတော် သံဃာတော်များ အတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော် ငွေကျပ် ၂၅၀၀၀၀ ကို ဝန်ကြီးကိုယ်စား မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက လက်ခံ ရယူပြီး ညွှန်ကြားရေးမှူးချုပ်အား မှတ်တမ်းဂုဏ်ပြုလွှာ ပြန်လည်ပေးအပ် သည်။

**(သတင်းစဉ်)**



**ကွယ်လွန်သူ ဒေါ်ခင်မျိုးချစ်အား ရည်စူး၍ အမှတ် ၃၂၈ သစ္စာလမ်း ၉ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းဖံမိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၆-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | သောကရောက်မှ တရားအားထုတ်မှာလား တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ) |
| ၈:၀၀ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားရည်ထုတ်လုပ်ရေး) |
| ၈:၅၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၉:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၅ | အလှဆုံးအပြုံးများ (စေတနာရှင် ဆရာဝန်ကြီးများ၏ ရေးမြို့နယ် အစင်ကျေးရွာသို့ အခမဲ့ဆေးကုသ ရေးခရီးစဉ်) အပိုင်း(၃) |
| ၁၀:၀၀ | တေးဂီတအစီအစဉ် |
| ၁၀:၀၅ | ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား |
| ၁၀:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၀ | ကျန်းမာရေးကဏ္ဍ (လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ) (ဦးနှောက်နှင့်အာရုံကြောအထူးကု သမားတော် ဒေါက်တာသန့်ဇင်စိုး နှင့်တွေ့ဆုံခြင်း) အပိုင်း(၁) |
| ၁၀:၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၀၀ | သီးနှံစိုက်ပျိုးအထွက်တိုး 'စပါးပေါင်းပင်' |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ အပိုင်း(၂) |
| ၁၁:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၀ | Tenns Star (သင်ဇာဝင့်ကျော်နှင့် တွေ့ဆုံခြင်း) |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | Activities in the City |
| ၁၂:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၀ | မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၂) |
| ၁၂:၅၀ | တေးဂီတအစီအစဉ် |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# မန္တလေးအသင်း (ရန်ကုန်) ဓာတ်ပုံပြပွဲပြသမည်

**ရန်ကုန် ဇွန် ၂၂**

မန္တလေးအသင်း (ရန်ကုန်)က ကြီးမှူးပြသမည့် မန္တလေးအသင်း ဓာတ်ပုံပြပွဲ ပြသခွင့်ပြုသည့်လက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀နာရီခွဲက ပန်းဘဲတန်း မြို့နယ် ကုန်သည်လမ်း အမှတ် ၆၂၈/ ၆၃၂ ပထမထပ်ရှိ မန္တလေးအသင်း (ရန်ကုန်)၏ ရတနာပုံခန်းမ၌ကျင်းပသည်။

## တက်ရောက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူတို့က ရတနာပုံခန်းမ၌ ခင်းကျင်းပြသမည့်ဓာတ်ပုံများ ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က ပြပွဲ ပြသခွင့်လက်မှတ်ကို မန္တလေးအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ် သည်။

## ပြသမည်

အဆိုပါ ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပညာရှင်၂၇ဦးတို့၏ ဓာတ်ပုံ၁၈၀ ကျော် တို့ကို ပြသမည်ဖြစ်သည်။ လက်စွမ်းပြရိုက်ကူးထားသည့် ဓာတ်ပုံများမှာ ဘုရာစေတီများ၊ ရေမြေတောတောင်သဘာဝရှုခင်းများ၊ မြန်မာ့ရိုးရာအနုပညာ မြောက် လက်ရာများ၊ စိတ်ဝင်စားဖွယ်ပုံများနှင့် လျှပ်တစ်ပြက်ရိုက်ချက်ပုံများ ပါဝင်သည်။ ဓာတ်ပုံမြတ်နိုးသူများ၊ ဓာတ်ပုံပြက္ခဒိန်ထုတ်ဝေသူများ၊ မိမိတို့၏ အသင်းအဖွဲ့အစည်းများအတွက် ဓာတ်ပုံဖြင့်တွဲဖက်၍ စာစောင်များ၊ စာအုပ် ထုတ်ဝေလိုသူများ လက်မလွှတ် ကြည့်ရှုသင့်သည့် ပြပွဲဖြစ်သည်။ ဓာတ်ပုံပြပွဲကို ဇွန် ၂၄ရက်မှ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ပြသမည် ဖြစ်သည်။ ပြပွဲသို့ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး ကြိုက်နှစ်သက် သည့် ဓာတ်ပုံများကို ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အပူပိုင်းမုန်တိုင်းငယ် ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် ဇွန် ၂၂

**ယနေ့နံနက်မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်း မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို ကာကီနာဒါမြို့ အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။** (သတင်းစဉ်)

## မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

# ငါးနှင့် အခွံမာအသီးများကိုစားသုံးလျှင် အမျိုးသားများ ဆီးကျိတ်ကင်ဆာကာကွယ်နိုင်



**ဆန်ဖရန်စစ္စကို ဇွန် ၂၂**

ငါးနှင့် အခွံမာသောအစားအစာများကို စားသုံးခြင်းသည် အမျိုးသားများ၌ ဖြစ်ပွားလေ့ရှိသော ဆီးကျိတ်ကင်ဆာရောဂါ ဖြစ်ပွားမှုအား ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

## တားဆီးနိုင်

အဆိုပါ အစားအစာများ၌ အိုမီဂါ-၃ဖက်တီးအက်စစ် အများအပြား ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ အိုမီဂါ-၃ ဖက်တီးအက်စစ်သည်အမျိုးသားများတွင်ဖြစ်လေ့ ဖြစ်ထရှိသော ကင်ဆာများမဖြစ်ပွားရန် ကာကွယ်တားဆီး ပေးနိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။

## မျှတစွာ

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ဆော်လမွန်ငါး၊ တူနာငါးနှင့် ဟင်းသီးဟင်းရွက်ဆီများတွင်ရရှိနိုင်ပြီး နေ့စဉ် မျှတစွာစားသုံးသင့်ကြောင်း သုတေသနပညာရှင် ယွန်ကျူချန်က ပြောကြားသည်။

## အကျိုးပြု

ထို့အပြင် အိုမီဂါ- ၃ ဖက်တီးအက်စစ်သည် သွေးတိုးရောဂါအတွက်လည်း အထောက်အကူပေးနိုင်ကြောင်း၊ သွေးပေါင်ချိန်များကျဆင်းအောင်လည်း အကျိုးပြုသည်ဟု သုတေသနပြုချက်အရသိရကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

# သဒ္ဒါသင်တန်း စာချတန်းသင်တန်းနှင့် ပါဠိပါရဂူသင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၂၂**

ကစ္စည်းသဒ္ဒါကြီးနှင့် နာမ်ဂိုဏ်း အာချာတ်ဂိုဏ်းစဉ်ကို ဒုတိယဝါဆို လဆန်း ၁ ရက်မှစ၍ ဥပုသ်နေ့မှအပ နေ့စဉ် မွန်းလွဲ၁နာရီခွဲမှ ၂နာရီခွဲအထိ စာချတန်း ပါရာဇိကဏ်ကို ညနေ ၃နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ပါစိတျာဒိ ပါဠိဂုဏ်ထူးကို ညနေ ၄နာရီ မှ ၅နာရီအထိလည်းကောင်း စာချသက်တမ်းဝါရင့်ပြီး စာချအတွေ့ အကြုံအထူးပြည့်စုံသော ပါဠိဂုဏ်ထူး ဆရာကြီး ဦးအောင်ခိုင်ကိုယ်တိုင် ဗဟန်း၃လမ်း ကားဂိတ်အနီး လောက ဥသျှောင်ကျောင်း၌ ခေတ်မီသင်ပြနည်း စနစ်ဖြင့် ပို့ချသွားမည်ဖြစ်သည်။

သဒ္ဒါသင်တန်းကို တန်းစုံမည်သူ မဆိုလိုက်နိုင်အောင် ကွက်ကျော်မချဘဲ စဉ်တိုက် သဒ္ဒါဉာဏ်အား တိုးပွား အောင် လိုရင်းတိုရှင်းစနစ်ဖြင့် ပို့ချမည် ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဗဟန်း ၃ လမ်း တိုက်အမှတ် ၃၁ အခန်း ၂ ဘီ၌ စုံစမ်းစာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

# အင်ဒိုနီးရှား၏ လေကြောင်းခရီးသွားလာမှု ၂၀၁၀ ပြည့်နှစ်၌ လက်ရှိထက် နှစ်ဆ တိုးမြင့်လာမည်

ဂျကာတာ ဇွန် ၂၂

အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်း ခရီးသွားလာမှုသည် ၂၀၁၀ ပြည့်နှစ်တွင် လက်ရှိထက်နှစ်ဆတိုးမြင့်ကာ ခရီးသည်ပေါင်း သန်း ၇၀ ရောက်ရှိလာမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ဇွန် ၂၀ ရက်၌ ပြောကြားသည်။

ထိုသို့ လေကြောင်းခရီးသည်ဦးရေ တိုးတက်မြင့်မားလာရခြင်းမှာ အရှေ့တောင် အာရှနိုင်ငံများအသင်း(အာဆီယံ) ၏ လေကြောင်းမူဝါဒများ လွတ်လပ်မှုရှိလာခြင်းကြောင့် ဖြစ်သည်။

**နှစ်စဉ်တိုးတက်မှု**

အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်း ခရီးသည်များမှာ ယခုအချိန်၌ ခရီးသည်အရေအတွက် ၃၆ သန်းခန့်ရှိနေရာ နှစ်စဉ်တိုးတက်မှုမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိနေသည်။

**မျှော်မှန်း**

ထို့ကြောင့် အာဆီယံနိုင်ငံများ၏ လေကြောင်းမူဝါဒများစတင် ကျင့်သုံးမည့် ၂၀၁၀ ပြည့်နှစ်၌ အင်ဒိုနီးရှားတွင် ခရီးသွားဦးရေ နှစ်ဆတိုးတက်လာမည်ဟု မျှော်မှန်းထားခြင်းဖြစ်သည်။

ထိုအချိန်၌ အင်ဒိုနီးရှားသည် ဒေသအတွင်း လေကြောင်းခရီးသွားလုပ်ငန်း၏ အကြီးမားဆုံးဈေးကွက်တစ်ခု ဖြစ်လာမည်ဟု အင်ဒိုနီးရှားနိုင်ငံမြို့ပြလေကြောင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဘူဒီမူယာဝမ်က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



စင်ကာပူနိုင်ငံ မြစ်ကမ်းတစ်နေရာကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# နိုင်ဂျီးရီးယား၌ ဝက်သက်ရောဂါဖြစ်ပွား ကလေး ၂၀ ခန့်သေဆုံး

အဘူဂျာ ဇွန် ၂၂

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် ဝက်သက်ရောဂါဖြစ်ပွားရာ အနည်းဆုံးကလေး ၂၀ ခန့်သေဆုံးခဲ့ကြောင်း ဒေသခံများနှင့် ကျန်းမာရေးအရာရှိများက ဇွန် ၁၉ ရက်၌ ပြောကြားသည်။

**မကြာခဏဖြစ်ပွား**

ကလေး ၅၀ ခန့်မှာ ဝက်သက်ရောဂါ ကူးစက်ခံခဲ့ရကြောင်း၊ ဆင်းရဲသောနိုင်ငံများတွင် ကူးစက်ရောဂါများ မကြာခဏဖြစ်ပွားကာ ကလေးငယ်များ သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အမေရိကန်တပ်ဖွဲ့ဝင်များ ဖိလစ်ပိုင်၌ရှိနေမှု အခြေအနေ ပိုမိုဆိုးရွားစေသည်ဟုဆို

မနီလာ ဇွန် ၂၂

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသ မင်ဒါနာအိုမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များရှိနေခြင်းသည် ယင်းဒေသရှိ ပဋိပက္ခများကို ပိုမိုဆိုးရွားလာစေသည်ဟု ဒါဗာအိုမြို့တော်ဝန်က ဝေဖန်ပြောကြားချက်ကို ဒေသဆိုင်ရာ ဖိလစ်ပိုင်စတားသတင်းစာက ဇွန် ၂၀ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

မင်ဒါနာအိုဒေသအနှံ့အပြား၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်နေခြင်းသည် မကြာသေးမီက ဒါဘာအိုဒယ်လ်ဆာနှင့် ကိုတာဘာတိုမြို့များ၌ ဗုံးပေါက်ကွဲမှုကြောင့် တင်းမာမှုများဖြစ်ပွားနေမှုကို ပိုမိုဆိုးရွားစေခဲ့ကြောင်း ဖိလစ်ပိုင် တတိယမြို့တော်ဖြစ်သော ဒါဗာအိုမြို့တော်ဝန် ရော့ဒရီဂိုဒူတာတီက ပြောကြားခဲ့သည်။ အမ်အင်န်အေ၊ရိုက်တာ

# အပူဒဏ်ကြောင့် ယီမင်နိုင်ငံ၌ ၁၀ဦး သေဆုံး

ဆာနား ဇွန် ၂၂

ယီမင်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ ဖြစ်သော အေဒန်မြို့တွင် အပူချိန် မြင့်တက်မှုကြောင့် လူ ၁၀ ဦး သေဆုံးသွားခဲ့ကြောင်း ယီမင်မီဒီယာများက ဇွန် ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

**အသက်အရွယ်ကြီးရင့်သူ**

အာရေဘီယံကျွန်းဆွယ် ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သော အေဒန်မြို့၌ ဇွန် ၁၈ ရက်က အပူချိန်မှာ ၁၀၉ ဒီဂရီဖာရင်ဟိုက်ရှိကြောင်း၊ သေဆုံးသူအများစုမှာ အသက်အရွယ်ကြီးရင့်သူများ ဖြစ်ကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# အနောက်ဆူမတြားတွင် ငါးဖမ်းစက်လှေ တိမ်းမှောက်

ဂျကာတာ ဇွန် ၂၂

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမတြားပြည်နယ်တွင် တံငါသည် ၁၄ ဦးစီးနင်း လိုက်ပါလာသော ငါးဖမ်းစက်လှေ တိမ်းမှောက်မှုဖြစ်ပွားရာ တစ်ဦးသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသခံမီဒီယာများက ဇွန် ၁၉ ရက်၌ ပြောကြားသည်။

အဆိုပါ မတော်တဆမှုမှာ ဇွန် ၁၈ ရက်က ဆူမတြားကျွန်းကို တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အန်တာရာ သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပျောက်ဆုံးနေသော ငါးဖမ်းသမား ၁၃ ဦးကို ရှာဖွေလျက်ရှိကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

# တောင်ကိုရီးယားနှင့် ပြင်သစ် ယူရေနီယံသန့်စင်ထုတ်လုပ်မှု သဘောတူစာချုပ် ချုပ်ဆို

ဆိုးလ် ဇွန် ၂၂

**တောင်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားရေအားနှင့် နျူကလီးယားစွမ်းအင် ကုမ္ပဏီ (ကေအိတ်ချ်အင်န်ပီ) နှင့် ပြင်သစ်နိုင်ငံပိုင် အေယူဗာ နျူကလီးယားစွမ်းအင်လုပ်ငန်းတို့သည် ယူရေနီယံသန့်စင် ထုတ်လုပ်မှုဆိုင်ရာ နှစ်ရှည်သဘောတူညီမှုစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်သည်။**

အဆိုပါ သဘောတူညီမှုတွင် ကေအိတ်ချ်အင်န်ပီအနေဖြင့် ၁၀ နှစ်ကြာ ယူရေနီယံသန့်စင် ထုတ်လုပ်ရေးဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား စွမ်းအင်အုပ်စုက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

သီးခြား ထုတ်ပြန်ချက်တစ်ရပ်၌ ယခုချုပ်ဆိုလိုက်သော သဘောတူစာချုပ်တွင် ပြင်သစ်နိုင်ငံ တောင်ပိုင်း၌ တည်ရှိသော ဂျရော်ဂတ်စ်ဘီစ်ဆက်-၂ ယူရေနီယံ သန့်စင်စက်ရုံအတွက် ယူရိုငွေ တစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံ ထားကြောင်း အေယူဗာက ပြောကြားသည်။

**အသုံးပြု**

တောင်ကိုရီးယားနိုင်ငံအတွင်း စွမ်းအင်သုံးစွဲမှု၏ ၄၀ ရာခိုင်နှုန်းနီးပါးမှာ နျူကလီးယားစွမ်းအင် စက်ရုံများမှ ရယူအသုံးပြုခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံး ပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူးလ် ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံတွင် ဇွန် ၂၀ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့မှ ကနေဒါ တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ကြောင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့က ပြောကြားသည်။

**ဆောင်ရွက်**

အာဖဂန်နစ္စတန်တောင်ပိုင်း၌ အထူးသဖြင့် နယ်သာလန်၊ အမေရိကန်၊ ကနေဒါနှင့် ဗြိတိန်မှတပ်ဖွဲ့ဝင်များမှာ စစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ မကြာမီက လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ခရိုင်တပ်ဖွဲ့ဝင်အရာရှိကြီးတစ်ဦး သေဆုံးခဲ့ရသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ကမ္ဘာ့အကြီးဆုံး ဘိုးရင်း လေယာဉ်လုပ်ငန်း လေယာဉ် ၆၃ စင်းအတွက် အမှာစာရရှိ

လော့စ်အိန်ဂျလိစ် ဇွန် ၂၂

လော့စ်အိန်ဂျလိစ်အခြေစိုက် ဘိုးရင်းလေကြောင်းလုပ်ငန်းက ဘိုးရင်းလေယာဉ်ပေါင်း ၆၃ စင်းကို တည်ဆောက်ပေးရန် အမှာစာများရရှိထားကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးလေယာဉ် လုပ်ငန်းဖြစ်သည့် ဘိုးရင်းလေကြောင်းလုပ်ငန်းသည် လေယာဉ် ၆၃ စင်းအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ပမာဏရှိသည်။

**ပြောကြား**

အဆိုပါလေယာဉ်တည်ဆောက်ရေး အမှာစာများ၌ ဘိုးရင်း ၇၈၇ ဒရင်းလိုင်နာ လေယာဉ် ၅၂ စင်း အပါအဝင် အခြားအမှာစာများလည်း ရရှိထားကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

**ရရှိထား**

ထို့အပြင် ဘိုးရင်း ၇၃၇ လေယာဉ်နှင့် ၇၇၇ လေယာဉ် ၁၀ စင်းကို ထပ်မံ တည်ဆောက်ပေးရန်လည်း အမှာစာများ ရရှိထားပြီးဖြစ်သည်။

ယခုတည်ဆောက်မည့် ဘိုးရင်းလေယာဉ်များမှာ ခရီးသည် ၃၃၀ တင်ဆောင်ပြီး ခရီးရှည်ပျံသန်းနိုင်သော ဂျက်လေယာဉ်များဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# အမေရိကန်နှင့် ကုန်သွယ်ရေးသဘောတူညီချက် တောင်ကိုရီးယားလယ်သမား ထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ဆိုးလ် ဇွန် ၂၂

**တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် နှစ်ဦးနှစ်ဖက် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်တစ်ရပ်ရရှိရေး ဆွေးနွေးမှုနှင့် ပတ်သက်၍ ဇွန် ၂၀ရက်က ထောင်ပေါင်းများစွာသော တောင်ကိုရီးယား လယ်သမားများ ဆန္ဒပြခဲ့ကြသည်။**

### အကြီးမားဆုံး

အဆိုပါ နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုသည် ၁၅ နှစ်တာ ကာလအတွင်း အမေရိကန်၏ အကြီးမားဆုံး ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ဖြစ်လာမည် ဖြစ်သည်။

မိမိတို့အနေဖြင့် လာမည့် ဇွန် ၃၀ ရက်၌ နှစ်နိုင်ငံ သဘောတူ လက်မှတ်ရေးထိုးမှု ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆန္ဒပြမှုကြောင့် နှစ်နိုင်ငံစာချုပ်ကို ထိခိုက်စေမည်မဟုတ်ကြောင်း တောင်ကိုရီးယားအစိုးရက ပြောကြားခဲ့သည်။

### ထောက်ခံခြင်းမပြု

ယခုကဲ့သို့ အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်ကို တောင်ကိုရီးယားနိုင်ငံ၌ စစ်တမ်းကောက်ယူခဲ့ရာ ၆၀ ရာခိုင်နှုန်းက ထောက်ခံပြီး ၃၀ ရာခိုင်နှုန်းက ထောက်ခံခြင်း မပြုကြောင်း သုတေသနပြု ဆန်းစစ်ချက်၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**



တရုတ်နိုင်ငံ ဟေဘေးပြည်နယ်ရှိ ယန်စီမြစ်၌ တည်ဆောက်ထားသည့် မြစ်ကျဉ်းသုံးသွယ် ရေအားလျှပ်စစ် လုပ်ငန်းခွင်ကို ဇွန် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စိုက်ပျိုးရေးနှင့်သစ်တော သုတေသနစင်တာကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၅၄၅ဦးရှိ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၂၀ရက်၌ ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဇွန် ၁၈ ရက်က ၎င်းတို့၏ ကင်းလှည့်ယာဉ်အနီး၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

### ပြုစုကုသ

ဇွန် ၁၉ရက်က ဒီယာလာပြည်နယ်တွင် သယ်ယူပို့ဆောင်ရေးယာဉ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားရာ ဒုတိယကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒဏ်ရာရရှိသူများအား ဆေးတပ်ဖွဲ့က ပြုစုကုသလျက်ရှိသည်။

၂၀၀၃ခုနှစ် မတ်လမှ စတင်ကာ အီရတ်သို့အမေရိကန်ဦးဆောင်သော အပေါင်းပါများ စတင်ဝင်ရောက် ကျူးကျော်ချိန်မှစ၍ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၅၄၅ဦးရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် စာရင်းဇယား၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**




# လာအိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု ရှစ်ရာခိုင်နှုန်းတိုးမြှင့်ရန် မျှော်မှန်း

ဟန္နိုင်း ဇွန် ၂၂

လာအိုနိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ရှစ်ရာခိုင်နှုန်း တိုးမြှင့် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားရှိကြောင်း ကေပီအယ်လ်သတင်းဌာနက ဇွန် ၁၉ရက်၌ ထုတ်ပြန်ကြေညာသည်။

### ထုတ်လုပ်နိုင်

ယခုနှစ်ကုန်၌ ကုန်စည်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုကို တိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွင်း ကုန်ထုတ် လုပ်မှု ၇ဒသမ၆ရာခိုင်နှုန်း ထုတ်လုပ်နိုင်ခဲ့သည်။

ယခုနှစ် ပထမခြောက်လအတွင်း ကုန်ထုတ်လုပ်မှု ပမာဏ ၄၀ ဒသမ ၇ရာခိုင်နှုန်းရှိရာ စိုက်ပျိုးရေးကဏ္ဍ၌ ၂ ဒသမ ၄ရာခိုင်နှုန်း၊ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုလုပ်ငန်းများ၌ ၁၅ ဒသမ ၂ရာခိုင်နှုန်းနှင့် ၇ရာခိုင်နှုန်း ပါဝင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မလေးရှားတံငါသည် ငါးဦးပျောက်ဆုံး

ကွာလာလမ်ပူ ဇွန် ၂၂

မလေးရှားနိုင်ငံမြောက်ပိုင်း ကီဒက်ချ်ပြည်နယ်၌ ဇွန် ၁၉ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် ဆန်ဂျီပက်တနီ ဒေသဝန်းကျင်တွင် ငါးဖမ်းရာမှ ပြန်လာသည့် တံငါသည်ငါးဦး ပျောက်ဆုံးနေသည်။

ဆန်ဂျီပက်တနီရှိ ကယ်ဆယ်ရေးစခန်းမှ ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၈ဦးသည် လှေနှစ်စင်းဖြင့် လိုက်လံရှာဖွေလျက်ရှိသည်။

ယင်းမုန်တိုင်းသည် ဇွန် ၁၉ရက် မွန်းလွဲ ၁ နာရီ၌ တိုက်ခတ်ရာ လှိုင်းလုံးများသည် ပင်လယ်ရေမျက်နှာပြင်မှ သုံးမီတာအထိ မြင့်တက်ခဲ့ကြောင်း မလေးရှားနိုင်ငံ ပီနန်ပြည်နယ်ရှိ တံငါလုပ်ငန်းအဖွဲ့၏ သတင်းပေးချက်အရ နေရှင်နယ်နယူးစ် အေဂျင်စီ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး ဂူအင်အဖွဲ့ ပူးပေါင်းဆောင်ရွက်မည်

မော်စကို ဇွန် ၂၂

ဂျော်ဂျီယာ၊ ယူကရိန်း၊ အဇာဘိုင်ဂျန်နှင့် မော်လ်ဒိုဗာနိုင်ငံတို့ ပါဝင်သော ဂူအင်အဖွဲ့မှ ခေါင်းဆောင်များသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတည်ဆောက်ရေးနှင့် ပတ်သက်၍ ဇွန် ၁၉ရက်က ပူးပေါင်းဆောင်ရွက်ရန် ကတိပြုလိုက်ကြသည်။

စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်ကို ဂျော်ဂျီယာ၊ ယူကရိန်း၊ အဇာဘိုင်ဂျန်နှင့်မော်လ်ဒိုဗာ နိုင်ငံတို့က ၁၉၉၇ခုနှစ်၌ ထူထောင်ခဲ့ကြသည်။

### ကြိုးစားလုပ်ဆောင်

ဂူအင်ဟု အမည်ပေးထားသော အဆိုပါအဖွဲ့သည် ကမ္ဘာ့ဈေးကွက်သို့ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရောက်ရှိနိုင်ရေးအတွက် ရည်မှန်းချက်ထား ကြိုးစားလုပ်ဆောင်လျက်ရှိသည်ဟု အဇာဘိုင်ဂျန် သမ္မတဟန်အလီယဗ်က ပြောကြားသည်။

### သတင်းထုတ်ပြန်

အဆိုပါရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အကောင်အထည်ဖော်မှုကို မကြာမီကာလအတွင်း စတင်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်ဟု အင်တာဖက်စ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ဂူအင်အဖွဲ့၏ လက်ရှိအလှည့်ကျ ဥက္ကဋ္ဌမှာ အဇာဘိုင်ဂျန်မှ ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



### မုန်တိုင်းဒဏ်

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ လေပြင်းမုန်တိုင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်၌ တိုက်ပွဲဖြစ်ပွား ဒတ်ချ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘရပ်ဆဲလ် ဇွန် ၂၂

**အာဖဂန်နစ္စတန်နိုင်ငံ ချိုရာမြို့ အနီးတွင် ဇွန် ၁၈ရက်က တာလီဘန်များကို ဆန့်ကျင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့ကြောင်း ဒတ်ချ်ပြန်ကြားရေးဌာနက ဇွန် ၁၉ရက်၌ သတင်းထုတ်ပြန်သည်။**

### သေဆုံးသူ

**ယင်းနိုင်ငံတောင်ပိုင်း အူရူဇန် ပြည်နယ်၌ တပ်ဖြန့်ချခဲ့သော လွန်ခဲ့သည့်နှစ် ဩဂုတ်လမှစတင်၍ တိုက်ပွဲတွင် သေဆုံးသူ ဒတ်ချ်တပ်ဖွဲ့ဝင် သုံးဦးရှိသွားပြီ ဖြစ်သည်။**

**သေဆုံးခဲ့ရသော တပ်ကြပ်ကြီး ဂျော့စ်လီယူနစ်ဆင်သည် တိုက်ပွဲတွင် မတော်တဆမှုကြောင့်သေဆုံးခဲ့ကြောင်း ဒတ်ချ်ကာကွယ်ရေးဌာနက ထုတ်ဖော်ပြောကြားသည်။**

### ဗုံးထိမှန်

**သေဆုံးရခြင်းအကြောင်းကို တရားဝင်အတည်မပြုသေးသော်လည်း ဒတ်ချ်တို့ ပစ်ခတ်ခဲ့သော စိန်ပြောင်းကျည်များအနက် တစ်ခုမှာ အချိန်မတိုင်မီ ပေါက်ကွဲခဲ့ခြင်းကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။** အမ်အင်န်အေ၊ဆင်ဟွာ

# ကာကွယ်ရေးဦးစီးချုပ်( လေ ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၂

၂၀၀၇ခုနှစ်ကာကွယ်ရေးဦးစီးချုပ် (လေ)တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက် ၉နာရီက မင်္ဂလာဒုံတပ်နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးလှိုင် တက်ရောက်၍ တံခွန်စိုက်ဒိုင်းဆုရရှိသွားသော အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုပေးပွဲသို့ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ မင်္ဂလာဒုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီး ဆန်းဦးလှိုင် ၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား ဒိုင်းဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

■ *ကျောဖုံးမှ*

များကို အပြင်းအထန် ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးစခန်း၌ ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများကို ငါးလကြာ လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

**အဆင့်မြင့်မားစွာ**

ဇွန် ၉ရက်မှ စတင်၍ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ ပြောင်းရွှေ့၍ စခန်းသွင်းလေ့ကျင့်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် တောင်ကိုရီးယားနိုင်ငံမှ နည်းပြတစ်ဦးကို ငှားရမ်းပြီး မြန်မာနည်းပြများနှင့် ပူးတွဲ၍ မတ် ၂၇ရက်မှ စတင်၍ လေ့ကျင့်ပေးနေခြင်းဖြစ်သည်။

**အတွေ့အကြုံရင့်**

ကိုရီးယားနည်းပြ Mr. Jin Su Hoသည် တောင်ကိုရီးယား လက်ရွေးစင် မြားပစ်အားကစားသမားအဖြစ် ကမ္ဘာ့အဆင့်နှင့် အာရှအဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူနိုင်ခဲ့သူဖြစ်သည်။ ကိုရီးယားနည်းပြ Mr. Jin Su Ho သည် တောင်ကိုရီးယားနိုင်ငံမှ မြားပစ်ကလပ်များတွင် နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော အတွေ့အကြုံရင့် နည်းပြတစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ပဏာမ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့ကို အားကစားသမား ၁၉ဦးဖြင့် ရွေးချယ်ဖွဲ့စည်းထားသည်။ ပဏာမ မြန်မာ့လက်ရွေးစင် မြားပစ်အဖွဲ့ကို အုပ်ချုပ်သူအဖြစ် ဦးကျော်ဦး (အတွင်းရေးမှူး)၊ နည်းပြအဖြစ် Mr. Jin Su Ho (ကိုရီးယား)၊ ဦးအောင်သူရ၊ ဦးအောင်နိုင်ဦး၊ ဒေါ်သီသီဝင်းနှင့် ဒေါ်မြတ်သူဇာမြင့်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ပါဝင်ကြ**

အားကစားသမားများ အဖြစ် Recurve အမျိုးအစားအတွက် အမျိုးသား ဇော်ဝင်းထိုက်၊ မျိုးကိုကို၊ ကျော်လင်းထွန်း၊ နေမျိုးအောင်၊ ဖုန်းမြတ်မောင်နှင့် ဖုန်းမြင့်မောင်၊ အမျိုးသမီး စန်းယုထွေး၊ အောင်ငိုမ်း၊ ဇင်မေဖူးနှင့် ဝိတိုရိယ၊ Compound အမျိုးအစားအတွက် အမျိုးသား ရဲမင်းဆွေ၊ လင်းနိုင်၊ ချစ်ဝင်းရှိန်နှင့် ကျော်ချမ်းငြိမ်း၊ ချမ်းအေးအောင်၊ အမျိုးသမီး ကေသီ၊ ယုနန္ဒာထိုက်၊ တင်ဇင်အိနှင့် အေးသီတာတို့ ပါဝင်ကြသည်။

**ဖိဖိစီးစီးလေ့ကျင့်**

ပဏာမ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအား လေ့ကျင့်ပေးမှု အနေအထားနှင့်ပတ်သက်၍ အတွင်းရေးမှူး ဦးကျော်ဦးက "ကျွန်တော်တို့ ပဏာမ လက်ရွေးစင် အားကစားသမား ၁၉ ဦးကို စခန်းသွင်း လေ့ကျင့်တဲ့နေရာမှာ လေ့ကျင့်မှု ဇယားကို အတိအကျရေးဆွဲပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးနေတာ ဖြစ်ပါတယ်။ တနင်္လာနေ့မှ စနေနေ့အထိ နံနက်ပိုင်းမှာ ကြံ့ခိုင်မှုလေ့ကျင့်ခန်းနဲ့ အလွတ် (စိတ်မှန်း)နဲ့ပစ်ခတ်တဲ့ လေ့ကျင့်ခန်းတွေကို ပူးတွဲလုပ်ပါတယ်။ ညနေပိုင်းမှာတော့ Bow လေ့ကျင့်ခန်းနဲ့ ပစ်ခတ်မှု လေ့ကျင့်ခန်းတွေ လုပ်ပါတယ်။ ညဘက်ပစ်ခတ်မှု လေ့ကျင့်ခန်းလုပ်သလို စိတ်တည်ငြိမ်မှုရအောင် ညဘက်တစ်ရက်ခြား တရားထိုင်ကြပါတယ်။ ကိုရီးယား နည်းပြက တကယ့်ကို အင်တိုက်အားတိုက်နဲ့ ဖိဖိစီးစီး လေ့ကျင့်ပေးနေတာပါ။ သူလိုချင်တဲ့ စံချိန်မရရင် အကြိမ်ကြိမ် ပြန်လေ့ကျင့်ခိုင်းပါတယ်။ သူကိုယ်တိုင်ကလဲ မြားပစ်လက်ရွေးစင်တစ်ဦး ဖြစ်ခဲ့လို့ သင်ကြားမှုအပိုင်းမှာကိုယ်တိုင်လက်တွေ့ပစ်ပြပြီး ဖွဲကောင်းကောင်းနဲ့ လေ့ကျင့်ပေးတာ ကျေနပ်အားရစရာကောင်းပါတယ်" ဟု ပြောကြားသည်။

**ဆွတ်ခူးရယူ**

ပဏာမ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမား ၁၉ ဦးအနက် ခုနစ်ဦးမှာ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများ ဖြစ်သည်။ Recurveအမျိုးအစားမှ ဇော်ဝင်းထိုက်သည် (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သူ ဖြစ်သည်။ (၂၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ မြားပစ်အဖွဲ့သည် နိုင်ငံတော်အတွက် ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာ ပြိုင်ပွဲပေါင်း ၃၂ ပွဲ ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၄၂ ခု၊ ငွေတံဆိပ် ၄၃ ခုနှင့် ကြေးတံဆိပ် ၅၁ ခု စုစုပေါင်း ဆုတံဆိပ် ၁၃၆ခု ဆွတ်ခူးရယူနိုင်ခဲ့သည်။

**လက်ရည်စစ်ပြိုင်ပွဲ**

ပြည်တွင်း မြားပစ်ပြိုင်ပွဲကျင်းပပေးခြင်းနှင့် စံချိန်များတိုးတက်မှု အခြေအနေနှင့် ပတ်သက်၍ အတွင်းရေးမှူး ဦးကျော်ဦးက "ပြည်တွင်းပြိုင်ပွဲအနေနဲ့ တစ်လတစ်ကြိမ် လက်ရည်စစ်ပြိုင်ပွဲလုပ်ပါတယ်။ အခုလာမည့် အိုလံပစ်နေ့ အထိမ်းအမှတ် ပြိုင်ပွဲပြီးရင် ဇူလိုင်လကုန်မှာ တစ်ပွဲ ထပ်လုပ်ဦးမယ်၊ လက်ရည်စစ်ပွဲဆိုပေမယ့် ဆုပေးပြီးတော့ တကယ့်ပြိုင်ပွဲဝင်တဲ့ ပုံစံအတိုင်းလုပ်တာပါ။ ဒါ့အပြင်လက်ရည်တိုးတက်မှု ရှိမရှိ စစ်ဆေးတဲ့အနေနဲ့ အမှတ်ယူတဲ့ပြိုင်ပွဲကို တစ်ပတ်မှာနှစ်ကြိမ်၊ သုံးကြိမ်လောက်လုပ်ပါတယ်။ အဖွဲ့ချုပ်တာဝန်ရှိသူတွေနဲ့ ဒိုင်လူကြီးတွေက စနစ်တကျအမှတ်ယူကြတာပါ။ ကိုရီးယားနည်းပြက တာဝန်ယူပြီး နှစ်လလောက်မှာ အခြေခံကစပြီး အပြင်းအထန်လုပ်ပါတယ်။ အခုအချိန်မှာ စံချိန်တွေ သိသိသာသာ တိုးတက်လာတာတွေ့ရပါတယ်။ တန်းဝင်တဲ့ အခြေအနေမှာရှိပေမယ့် ဆုရဖို့ဆိုရင် အခုထက်ပိုပြီး ပိုင်ပိုင်နိုင်နိုင်လုပ်ဖို့ လိုပါတယ်။ ပြိုင်ပွဲဝင်ဖို့ နှစ်လလောက် အလိုဆိုရင် စံချိန်တွေပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။ စံချိန်ကောင်းလာအောင်လဲ အားလုံးကြိုးစားလုပ်ဆောင်သွားကြမှာပါ"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဥက္ကဋ္ဌဦးတင့်ဆန်း၊ အတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်အဖွဲ့ဝင်များသည် နိုင်ငံတကာ ပြိုင်ပွဲများတွင် ရေရှည်အောင်မြင်မှုရရှိရန်နှင့် လက်ရွေးစင်မြားပစ်အသင်းကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် မျိုးဆက်သစ်အားကစားသမား ၃၅ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

**နိုင်ငံ့ဂုဏ်ဆောင်**

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှု ဆုတံဆိပ်များ ရရှိရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသကဲ့သို့ မျိုးဆက်သစ် မြားပစ်အားကစားသမားများ စဉ်ဆက် မပြတ်ပေါ်ထွက်လာရေး အတွက်လည်း ပြည်တွင်း မြားပစ်ပြိုင်ပွဲများကို အခါအားလျော်စွာကျင်းပပေးလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



**(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သော မြန်မာ့လက်ရွေးစင် မြားပစ် အားကစားသမား ဇော်ဝင်းထိုက်၏ ပြိုင်ပွဲဝင်ဟန်။** (မြားပစ်အဖွဲ့ချုပ်)

# အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

**၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီအားကစား သရုပ်ပြပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီအားကစားကွင်း၌ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဟော်ကီအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**

**အနိုင်ရ**

ပြိုင်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ အနီရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနီရောင်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသား အသက်(၁၆)နှစ်အောက်မျိုးဆက်သစ်လူငယ်အားကစားသမားများအား အဖြူရောင် အသင်းနှင့် အနီရောင်အသင်းဟူ၍ နှစ်သင်းခွဲကစားကြရာ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့် ပေးလျက်ရှိသော ပဏာမ မြန်မာဟော်ကီလက်ရွေးစင် အားကစားသမားများအား အဖြူရောင်အသင်းနှင့် အနီရောင် အသင်းဟူ၍ နှစ်သင်းခွဲကစားကြရာ ဂိုးမရှိ သရေဖြစ်သွားသည်။

**(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင် ဟော်ကီအသင်း စခန်းတာဝန်ခံ ဦးကျော်ဌေးသိန်းက ပဏာမမြန်မာ့လက်ရွေးစင် ဟော်ကီအားကစားသမားများ ပါဝင်သော ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော သူရကျော်အား ဆုချီးမြှင့်စဉ်။**

(ဟော်ကီအဖွဲ့ချုပ်)



**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီး ဟော်ကီဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်လှမြင့်က အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိသော မဇွန်ပွင့်ဖြူအား လည်းကောင်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင် ဦးဇော်ဝင်းက အသက် (၁၆)နှစ်အောက် မျိုးဆက်သစ်လူငယ်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆု ရရှိသော ဟိန်းစည်အောင်အား လည်းကောင်း၊ ပဏာမလက်ရွေးစင်ဟော်ကီ အသင်း စခန်းတာဝန်ခံ ဦးကျော်ဌေးသိန်းက ပဏာမ မြန်မာ့လက်ရွေးစင်ဟော်ကီ အားကစားသမားများ ပါဝင်သော ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော သူရကျော်အား အကောင်းဆုံး အားကစားသမားဆုကိုလည်းကောင်းပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမှုဆောင် ဦးဝင်းထူးက အမျိုးသမီး ဟော်ကီအသင်းအား ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အမှတ်တရ ဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က အမျိုးသား အသက် (၁၆)နှစ်အောက် မျိုးဆက်သစ်လူငယ် ဟော်ကီအသင်းအား ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အမှတ်တရ ဆုကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**ချီးမြှင့်**

ထို့နောက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးက ပဏာမမြန်မာ့လက်ရွေးစင် ဟော်ကီအသင်းအား ၂၀၀၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အမှတ်တရဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

**ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ**

## မန်ယူတိုက်စစ်မှူး အလန်စမစ်၏ အနာဂတ်မရေရာ

**လန်ဒန် ဇွန် ၂၂**

ပရီမီယာလိဂ် ချန်ပီယံ မန်ယူအသင်းသည် လက်ရှိ ချန်ပီယံဖလားကို ကာကွယ်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ လူသစ်များ ဖြည့်ဆည်းနေသလို အသင်းရှိ ကစားသမားအချို့အား ရောင်းထုတ်မှုများ ပြုလုပ်တော့မည်ဖြစ်သည်။

**စွမ်းဆောင်မှုအားနည်း**

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် မန်ယူအသင်းမှ ရောင်းချမည့် ဘောလုံးသမားများစာရင်း၌ တိုက်စစ်မှူး ဆာဟာနှင့် အလန်စမစ်တို့ ပါဝင်နေကြောင်း ဝန်ခံပြောကြားလိုက်ပြီဖြစ်သည်။ ထိုဘောလုံးသမားနှစ်ဦးစလုံးမှာ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီ၌ မန်ယူအသင်း ပရီမီယာလိဂ်ဖလား ရယူခဲ့ရာတွင် စွမ်းဆောင်မှု အားနည်းခဲ့သော တိုက်စစ်မှူးများဖြစ်သည်ဟု မန်ယူဘုတ်အဖွဲ့ကလည်း မှတ်ချက်ပြုခဲ့သည်။

ဖာဂူဆန်အနေဖြင့် ဆာဟာနှင့် အလန်စမစ်တို့အား အခြားစိတ်ဝင်စားသော အသင်းတစ်သင်း သို့မဟုတ် မန်ယူတို့အလိုရှိနေသည့် တိုက်စစ်မှူးတစ်ဦးဦးအား ခေါ်ယူရာ၌ အလိုက်ပေးလဲလှယ်မှုတွင်လည်း ၎င်းတို့နှစ်ဦးကို အသုံးပြုဖွယ်ရှိနေသည်။

အလန်စမစ်သည် လိဒ်ယူနိုက်တက်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာသည့် တိုက်စစ်မှူး တစ်ဦးဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ ဒဏ်ရာများနှင့် လုံးထွေးနေခဲ့ရမှုကြောင့် ပွဲစဉ်အချို့သာ ကစားနိုင်ခဲ့သည်။

**အငယ်ဆုံး**

အလန်စမစ်သည် ၁၉၈၀ ပြည့်နှစ် အောက်တိုဘာ ၂၀ရက်၌မွေးဖွားခဲ့သူဖြစ်ရာ အသက် ၂၇နှစ်အရွယ်ရှိနေပြီ ဖြစ်သည်။ လိဒ်ယူနိုက်တက်အသင်းတွင် ၁၉၉၈ခုနှစ်၌ စတင်ပါဝင်ကစားခဲ့ရာ အလန်စမစ်ကစားခဲ့စဉ်က လိဒ်ယူနိုက်တက်၏ အသက်အငယ်ဆုံး ဘောလုံးသမား တစ်ဦးဖြစ်သည်။

**အတွေ့အကြုံရ**

လိဒ်ယူနိုက်တက်၏ တိုက်စစ်မှူး တစ်ဦးအဖြစ် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ ၁၈ပွဲကစားပေးခဲ့ပြီး လေးဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း အတွေ့အကြုံများစွာရရှိခဲ့သည်။ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ လိဒ်ယူနိုက်တက်အတွက် စုစုပေါင်း ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် အလန်စမစ်အနေဖြင့် ပရီမီယာလိဂ်၌ ကိုးဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ကာ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။



**အလန်စမစ်**

**မန်ယူမှ ထွက်ခွာဖွယ် ရှိ နေ သော တိုက်စစ်မှူး အလန်စမစ်။**

(ဓာတ်ပုံ-အင်တာနက်)

**ဒဏ်ရာရရှိ**

မန်ယူသို့ ရောက်စနှစ်မှာပင် ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နှင့် ကားလင်းဖလား ပြိုင်ပွဲတို့၌ စုစုပေါင်း ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း မန်ယူသို့ရောက်ရှိပြီး နောင်နှစ် ဘောလုံးရာသီမှာပင် ခြေထောက်ဒဏ်ရာ ရရှိခဲ့ပြီး ပွဲတိုင်းပါဝင်ကစားနိုင်ခြင်း မရှိခဲ့ချေ။ ထိုနှစ်တစ်ရာသီလုံး အလန်စမစ်အနေဖြင့် မန်ယူအတွက် တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။

**ဒဏ်ရာပြင်းထန်**

ထို့အပြင် အင်္ဂလန်အသင်း လက်ရွေးစင်အဖြစ်လည်း နိုင်ငံတကာခြေစမ်းပွဲ တစ်ပွဲသာ ပါဝင်ကစားပေးနိုင်ခဲ့ပြီး ဒဏ်ရာကုသမှုဖြင့်သာ အချိန်ကုန်လွန်ခဲ့ရသည်။ အလန်စမစ်၏ ဒူးခေါင်းဒဏ်ရာ ပြင်းထန်သဖြင့် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီအတွင်း ပရီမီယာလိဂ်ခြောက်ပွဲ၊ အက်ဖ်အေဖလားနှစ်ပွဲ၊ ကားလင်းဖလား နှစ်ပွဲနှင့် ချန်ပီယံလိဂ် တစ်ပွဲသာ ပါဝင်ကစားပေးနိုင်ခဲ့ပြီး တစ်ရာသီလုံးတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

**ခပ်ကြမ်းကြမ်းကစား**

အလန်စမစ်သည် ဂိုးသွင်းမှု မှန်ကန်ကောင်းမွန်သော်လည်း အဝင် အထွက် ခပ်ကြမ်းကြမ်း ကစားတတ်မှုကြောင့် မန်ယူနှင့်ကစားခဲ့သည့် ပွဲစဉ်များ၌ အဝါကတ်ပြ သတိပေးမှု အကြိမ်ကြိမ်ခံခဲ့ရသော ကစားသမားတစ်ဦးလည်း ဖြစ်သည်။

**ချီးကျူး**

ဘောလုံးကစားရာတွင် နိုင်လိုစိတ်ဓာတ်အားကြီးခြင်းနှင့် အင်တိုက်အားတိုက် ကစားတတ်မှုများကြောင့် အလန်စမစ်၏ ကစားပေါက်သည် အန္တရာယ်များသည်ဟု သုံးသပ်ဝေဖန်မှုများရှိခဲ့သည်။ သို့သော်မန်ယူနည်းပြ ဖာဂူဆန်က အလန်စမစ်သည် တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်ပြီး တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း ရဲရဲဝံ့ဝံ့ ထိုးဖောက်ကစားတတ်သော တိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း ချီးကျူးထားသည်။

သို့ရာတွင် မန်ယူအသင်းအနေဖြင့် အသင်းကိုပြင်ဆင်မှုများပြုလုပ်ပြီး အကောင်းဆုံးထိပ်တန်းအသင်း တစ်သင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ရာ အလန်စမစ်ကဲ့သို့သော မကြာခဏ ဒဏ်ရာအနာတရ ရရှိပြီး ခြေစွမ်းမပြနိုင်သည့် ဘောလုံးသမားများကို ရောင်းထုတ်မည်သာဖြစ်သည်။

မန်ယူအသင်း၏ စွမ်းရည်ကို မြှင့်တင်နေရာ၌ အလန်စမစ်၏ အနာဂတ်သည်လည်း မည်သို့ဖြစ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

**(ကိုးကား-အင်တာနက်)**

## လမ်းပတ်၊ ဂျရတ်နှင့် တယ်ရီတို့ကို ဂျူဗင်းတပ်စ်နည်းပြက ခေါ်ယူလို

**ရောမ ဇွန် ၂၂**

အီတလီ စီးရီးအေသို့ အတန်း ပြန်တက်လာသော ဂျူဗင်းတပ်စ် အသင်း၏ နည်းပြသစ် ရာနီယာရီက ဂျူဗင်းတပ်စ် အသင်းကို အပြောင်းအလဲများ ပြုလုပ်ကာ ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။



**ဂျူဗင်းတပ်စ်နည်းပြ ရာနီယာရီ။**

(ဓာတ်ပုံ-အင်တာနက်)

**ခေါ်ရန်ကြိုးစား**

ချယ်လ်ဆီး နည်းပြဟောင်းလည်းဖြစ်သည့် ရာနီယာရီက ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ်နှင့် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်တို့အား ခေါ်ယူရန်ကြိုးစားနေကြောင်း တရားဝင် ထုတ်ဖော် ပြောကြားခဲ့သည်။

ဂျူဗင်းတပ်စ် အသင်းကို အင်အားတောင့်တင်းခိုင်မာရန် ဘောလုံးသမား အသစ် ခေါ်ယူဖြည့်ဆည်းရေးအတွက် ရာနီယာရီအား ဂျူဗင်းတပ်စ် ဘုတ်အဖွဲ့က ယူရိုငွေသန်း ၄၀ ခွင့်ပြုပေးထားသည်။

**ခုနစ်ဦး**

ရာနီယာရီအနေဖြင့် ပရီမီယာလိဂ်ကလပ်အသင်းများမှ ဘောလုံးသမား ခုနစ်ဦးခန့် ခေါ်ယူလိုလျက်ရှိရာ ၎င်းခေါ်ယူလိုသည့် ကစားသမားများမှာ လမ်းပတ်၊ ဂျရတ်နှင့် တယ်ရီတို့ပါဝင်ကြောင်း သိရသည်။

**အခက်တွေ့**

အဆိုပါကစားသမားများသည် လက်ရှိကစားနေကြသော ကလပ်များနှင့် သက်တမ်းတိုးစာချုပ်များ ချုပ်ဆိုထားသည့်အပြင် ငွေကြေးပမာဏလည်း များပြားနေသဖြင့် ရာနီယာရီ အခက်တွေ့လျက်ရှိသည်။ **(အင်တာနက်)**

**ရေးသားသူ-မြင့်မောင်စိုး**

## တူရကီတိုက်စစ်မှူးတွန်ကေး မစ်ဒယ်ဘာရော့ ခေါ်ယူ

**လန်ဒန် ဇွန် ၂၂**

မစ်ဒယ်ဘာရော့ကလပ်သည် တူရကီတိုက်စစ်မှူး တွန်ကေးဆန်လီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် အဆင်သင့်ဖြစ်နေပြီဟု ၎င်းကလပ်က ပြောကြားသည်။

**ဆွေးနွေး**

အသက် ၂၅နှစ် အရွယ်ရှိ တူရကီတိုက်စစ်မှူးနှင့် ဖီနာဘာချီအသင်း တိုက်စစ်မှူးဖြစ်သူ တွန်ကေးဆန်လီအား အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး စာချုပ်ချုပ်ဆိုရန်သာရှိတော့ကြောင်း သိရသည်။

**သွင်းယူပေးနိုင်**

တိုက်စစ်မှူးတွန်ကေးသည် တူရကီအသင်းအတွက် ၄၃ပွဲကစားပေးထားပြီး ၁၄ဂိုး သွင်းယူပေးထားသည်။ ထို့အတူ ဖီနာဘာချီအသင်းအတွက် ငါးနှစ်တာကာလအတွင်း ၁၅၄ပွဲ ကစားပေးခဲ့ပြီး ၅၉ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

**မစ်ဒယ်ဘာရော့ကခေါ်ယူလိုက်သည့် တူရကီ တိုက်စစ်မှူး တွန်ကေး။**



**တတိယမြောက်ဘောလုံးသမား**

မစ်ဒယ်ဘာရော့ အသင်းအနေဖြင့် တိုက်စစ်မှူး ဗီဒူကာ နယူးကာဆယ်သို့ ပြောင်းရွှေ့သွားသဖြင့် တူရကီတိုက်စစ်မှူး တွန်ကေးအား ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မစ်ဒယ်ဘာရော့နည်းပြ ဆောက်ဂိတ်သည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလ၌ ဘောလုံးသမားသုံးဦးခေါ်ယူခဲ့ရာ တွန်ကေးမှာ တတိယမြောက် ဘောလုံးသမားဖြစ်သည်။ **(အင်တာနက်)**

## လာမည့်ချန်ပီယံလိဂ်၌ မိုလ်စွဲရန် ရေပန်းအစားဆုံး ရှစ်သင်း ပေါ်ထွက်လာ

လန်ဒန် ဇွန် ၂၂

**လာမည့် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ၌ ဖိုလ်စွဲရန်ရေပန်းအစားဆုံး အသင်းများ ထွက်ပေါ်လာရာ ပရီမီယာလိဂ်ကလပ်များဖြစ်သော လီဗာပူး၊ မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့ ပါဝင်ကြသည်။**



**ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။**

(ဓာတ်ပုံ-အင်တာနက်)

**ရေပန်းစား**

လာမည့် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ၌ ဖိုလ်စွဲရန် ရေပန်းအစားဆုံး ရှစ်သင်းတွင် အီတလီစီးရီးအေကလပ် အေစီမီလန်နှင့် အင်တာမီလန်တို့လည်း ပါဝင်သည်။ ထို့အတူ စပိန်လာလီဂါကလပ်အသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့လည်း ပါဝင်သည်။

ထိုရှစ်သင်း၌ ရေပန်းအစားဆုံးအသင်းမှာ လက်ရှိချန်ပီယံ အေစီမီလန်ဖြစ်ပြီး ဒုတိယရေပန်းအစားဆုံးအသင်းမှာ ၂၀၀၆ ခုနှစ် ချန်ပီယံ ဘာစီလိုနာဖြစ်ကာ လီဗာပူးအသင်းက တတိယရေပန်းအစားဆုံး အသင်းဖြစ်သည်။ ချန်ပီယံလိဂ်၌ ဖိုလ်စွဲမည်ဟုပြောကြားနေသော မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းမှာ မန်ယူ၊ အာဆင်နယ်တို့နှင့် တစ်တန်းတည်းရှိနေသည်။ **(အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **မန်စီးတီးအသင်းပိုင်ရှင်သစ် သက်ဆင်ရှင်နာဝပ်ထရာက အသင်းမန်နေဂျာအဖြစ် ခန့်အပ်ရန် အဲရစ်ဆင်နှင့် ဆွေးနွေးလျက်ရှိသည်။**

* ဘလက်ဘန်းအသင်းသည် အသက် ၃၀ အရွယ်ရှိ ရိုးမားအသင်းမှ အငှားချထားသော တိုက်စစ်မှူး ရှာဘာနီနွန်ဒါအား အပြီးသတ်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ ရိုးမားက ပြောင်းရွှေ့ကြေး ယူရိုငွေ ၁ ဒသမ ၄ သန်း တောင်းဆိုထားသည်။

* **အသက် ၁၇နှစ်အရွယ် ဝေလနောက်တန်းကစားသမား လေးဂန်ကာအား ပရီမီယာလိဂ်အသင်းကြီးများက အပြိုင်ခေါ်ယူရန် ကြိုးစားလျက်ရှိကြောင်း ဝေလအသင်းမှ ပြောကြားသည်။**

(အင်တာနက်)





**အမှာစကားပြောကြား**

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏အစည်းအဝေး မြန်မာနိုင်ငံ အိမ်ရှင်အဖြစ်ကျင်းပ အာဆီယံအဖွဲ့ အတွင်းရေးမှူးချုပ်ရုံး၏ ညှိနှိုင်းပေါင်းစပ်မှုဖြင့် နှစ်စဉ် စဉ်ဆက်မပြတ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့်အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ မြို့တော်ခန်းမ ပထမထပ်အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ✳

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုများအား ထောက်ပံ့ပစ္စည်းလှူဒါန်းသည့် အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၂

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်း အစီအစဉ်အရ ဘိုးဘွားများအား ထောက်ပံ့ပစ္စည်း လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့် ခေါင်းဆောင်၍ ဒေါ်သဇင်နွယ်၊ ဒေါ်ခင်နွယ်နွယ်၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ တပ်ကုန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ●

## မှတ်သားဖွယ်ရာမိုးရေချိန်

**၂၂-၆-၂၀၀၇**

| | |
|---|---|
| ရွှေဘို | ၁ ဒသမ ၇၃ လက်မ |
| ကျောက်ဆည် | ၁ ဒသမ ၃၈ လက်မ |
| မြစ်ကြီးနား | ၁ ဒသမ ၃၄ လက်မ |



# အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲ ကျင်းပမည် အရှေ့တောင်အာရှပြိုင်ပွဲအတွက်ကြိုတင်ပြင်ဆင်လေ့ကျင့်

**သတင်းဆောင်းပါး - ကိုထွေး**

**ရန်ကုန် ဇွန် ၂၂**

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် (Olympic Day Run 2007) မြားပစ်ပြိုင်ပွဲကို ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်သည်။

### တစ်ဦးချင်းပွဲစဉ်များ

ပြိုင်ပွဲတွင် အကြီးတန်းနှင့် လူသစ်တန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အကြီးတန်းပြိုင်ပွဲတွင် Compound နှင့် Recurve မီတာ ၇၀ မြား ၇၂ ချောင်းနှင့် Olympic Round အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ လူသစ်တန်းပြိုင်ပွဲတွင် Recurve အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

**ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး မြားပစ်အားကစားသမားများ ကျိုက္ကဆံ မြားပစ်လေ့ကျင့်ရေးစခန်း၌ ဤသို့ လေ့ကျင့်လျက်ရှိကြသည်။**

(မြားပစ်အဖွဲ့ချုပ်)

### ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် လာမည့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ကျင်းပမည့် (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှု

*စာမျက်နှာ ၁၂ ကော်လံ ၁* ■